


mgyoe.com

# နုနုရည်အင်းဝ

ပြုံး၍လည်းကန်တော့ခံတော်မူပါ
ရယ်၍လည်းကန်တော့ခံတော်မူပါ

စတုတ္ထအကြိမ်

mgyoe.com

mgyoe.com



# နုနုရည်အင်းဝ

ပြုံး၍လည်းကန်တော့ခံတော်မူပါ
ရယ်၍လည်းကန်တော့ခံတော်မူပါ

FIC0072
3,500.00 KS

mgyoe.com

mgyoe.com

ပြုံး၍လည်းကန်တော့ခံတော်မူပါ ရယ်၍လည်းကန်တော့ခံတော်မူပါ၊ နုနုရည်အင်းဝ
မျက်နှာဖုံးပန်းချီ - စိန်မြင့်(ရွှေချည်ထိုး)
စာမျက်နှာ   မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇူလိုင်လ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
စာရေးသူမူပိုင်ထုတ်ဝေခြင်းအတွက် စိတ်ကူးချိုချိုမှ ဖြန့်ချိသည်။
၂၀၁၅ သင်းစာပေ၏ တတိယအကြိမ်မူ။

ရောင်းဈေး ၃ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ပြုံး၍လည်း ကန်တော့ခံတော်မူပါ
# ရယ်၍လည်း ကန်တော့ခံတော်မူပါ

နုနုရည်အင်းဝ

စတုတ္ထအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ကျေးဇူးစကား

ဒီစာအုပ်အတွက် အကူအညီများစွာပေးခဲ့တဲ့ ရတနာ့ဂူ အိမ့်တွင်း မင်းမဟာဂီရိဖောင်းဆောင်းကြီး ဥသာဦးစိုးကြည် နဲ့ တောင်ပြုန်းပွဲလာနတ်ကတော်များ၊ နတ်သားသမီးများ၊ အဘက်ဘက်က အကူအညီပေးခဲ့ကြတဲ့ မိတ်ဆွေများကို ကျေးဇူးတင်လှပါတယ်။ ဒီစာအုပ်လေးထွက်သမျှ အကြိမ်ကြိမ် အားပေးဖတ်ရှုခဲ့ကြတဲ့ ကျွန်မရဲ့ စာဖတ်ပရိသတ် အားလုံးကိုလည်း ကျေးဇူးတင်လှပါတယ်။

ဒီတစ်ခါ ထွက်တဲ့စာအုပ်လေးရဲ့ မျက်နှာဖုံးပန်းချီ ကို မေတ္တာနဲ့ ရေးဆွဲပေးတဲ့ မန္တလေးက ဆရာဦးစိန်မြင့် ရွှေချည်ထိုး၊ မေတ္တာနဲ့ ခွင့်ပြုပေးခဲ့တဲ့ မောင်ငယ် ကိုသက် ပိုင်စိုး (Thet Paing Soe Company) နဲ့ ကိုမင်းကိုကိုစိုး Art-House Gallery၊ စာအုပ်ခေါင်းစဉ်စာလုံးဒီဇိုင်းနဲ့ မျက်နှာဖုံး အပြင်အဆင်ဒီဇိုင်းလေးကို မေတ္တာနဲ့ ရေးဆွဲဖန်တီးပေးတဲ့ မောင်ငယ် ကိုစန်းဦး (စိတ်ကူးချိုချိုစာပေ) တို့ကိုလည်း ကျေးဇူးအထူးတင်လှပါတယ်။ ။

နုနုရည်အင်းဝ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပထမနေ့ကန်တော့ခံ

ဝါခေါင်လဆန်း (၈) ရက်



mgyoe.com

mgyoe.com



ခုလို ပွဲတော်စချိန် ရောက်ပြီဆိုလို့ရှိရင် တောင်ပြုန်း လမ်းခွဲကလေး ပတ်ဝန်းကျင်ဟာ မှိုင်းဝေရီပြာလို့ လွမ်းစရာ ကောင်းနေတတ်တယ်။ မန္တလေး–မတ္တရာသွား ကားလမ်းကနေ ခွဲထွက်တဲ့ တောင်ပြုန်းလမ်းခွဲကလေးပေါ်မှာ ရောင်စုံကားတန်းကြီး ရှည်လျားစပြုပြီ။

လမ်းခွဲကလေးပေါ်မှာ တိုက်ခတ်နေတဲ့ ဝါဆို ဝါခေါင် လေကလည်း ရမ်းကားမြူးကြွလှတယ်။

ရေတိုးစေတဲ့ ဝါဆိုဝါခေါင်လေရမ်းကားကြောင့် လမ်းခွဲကလေးဘေးက တူးမြောင်းတစ်လျှောက်မှာ ညိုဝါရောင်ရေတွေ ပြည့်လျှံစီးဆင်းနေတယ်။ ရှေ့ရိပ်မိုးရိပ် ပွဲတော်ရိပ်ဟာ လမ်းခွဲလေးပေါ် ကလူတွေရဲ့စိတ်ကို လှုပ်ရှားစေတယ်။ မြူးကြွစေတယ်။ လွတ်လပ်ပေါ့ပါးစေတယ်။

ခရီးသည်တင် ဘတ်စ်ကားခေါင်မိုးပေါ်က လူငယ် တချို့ရဲ့ မြူးတူးအော်ဟစ်သံတွေကို ကြားရသလို ကျပ်ညပ်ပြည့်သိပ်နေတဲ့ ဘတ်စ်ကားအတွင်းထဲက မိန်းမကြီးငယ်တို့ရဲ့ အားကိုးတကြီးတီးတိုးတိုင်တည် ဆုတောင်းသံတွေကိုလည်း ကြားရတယ်။



mgyoe.com

mgyoe.com



ကိုယ်ပိုင်ကားငယ်လေးတွေထဲမှာ သက်သောင့်သက်သာ ထိုင်လိုက်လာရတဲ့ မိန်းမကြီးငယ်တွေကတော့ လက်အုပ်ကလေးကို တောင်ချီပြီး ရော်ရမ်းမှန်းဆရှိခိုးတိုင်တည်လို့။

လမ်းဘေးဝဲယာမှာတော့ ကားတန်းကြီးကို ကြိုဆိုနေသလို ကလေးလူတန်းရှည်ကြီး ရှိတယ်။

သူတို့ဟာ နေလောင်အသားအရည်လေးတွေ ကိုယ်စီနဲ့။

မည်းညစ်ညစ် အဝတ်အစားလေးတွေကို ကိုယ်စီဝတ်ဆင်လို့။

မတူညီတဲ့အသံစာစာလေးတွေနဲ့ အဆက်မပြတ်အောင်ဟစ်နေကြတာက ''ပိုက်ဆံကြဲပါဗျို့'' တဲ့။

သူတို့မျက်နှာလေးတွေဟာ မျှော်လင့်ချက်တွေအပြည့်နဲ့ ကားတန်းကြီးပေါ်က လူတွေကို ကြည့်နေကြတယ်။

ကားတန်းပေါ်က ပျံကျလာမယ့် ပိုက်ဆံစက္ကူလေးတွေကို အလစ်မပေးတဲ့ မျက်လုံးပြူးလေးတွေနဲ့ စောင့်မျှော်နေကြတယ်။ ကားတစ်စီးစီးပေါ်ကနေ ပိုက်ဆံစက္ကူလေးတွေ ဝဲခနဲကျလာတာနဲ့ ဝိုင်းအုံလုယက်ကောက်ကြတော့တယ်။

အဲဒီအချိန်မှာတော့ ဖုန်းလုံးတွေဟာ လမ်းခွဲကလေးကို ဖုံးလွှမ်းသွားတတ်ပြီး ကားဘရိတ်အုပ်သံနဲ့ အထိတ်တလန့် အော်ဟစ်သံတွေလည်းပေါ်လာတတ်သေးတယ်။

ကြွေမွနေတဲ့ ပိုက်ဆံစက္ကူရွက်ကို တင်းတင်းဆုပ်ရင်းကာဘီး အောက်ရောက်ဖို့ သီသီကလေးလိုတော့တဲ့ ကလေးတချို့ကတော့ ဘာမှ



mgyoe.com

mgyoe.com



မဖြစ်သလို ရယ်ဖြံဖြံနဲ့။ ဒါပေမဲ့ သူတစ်ကိုယ်လုံးမှာ ပွန်းပဲ့ရာတွေရှိတယ်။ မျက်လုံးကလေးတွေကလည်း ကြောက်လန့်နေပါတယ်။

ကလေးတွေနဲ့ အတူတူရောနှောအော်ဟစ်ပိုက်ဆံတောင်းနေကြတဲ့လူကြီးတချို့လည်း ရှိသေးတယ်။ အရက်မူးနေတဲ့ အမူးသမားတွေနဲ့လမ်းခွဲလေးဘေး လယ်ကွင်းထဲက တက်လာကြတဲ့ မိန်းမတစ်စုပေါ့။

အမူးသမားတွေက ကားလမ်းလယ်မှာ လက်ညှိုးနှစ်ချောင်းတထောင်ထောင်နဲ့ မျက်လုံးမှိတ်ယိမ်းယိုင်ကရင်း ကားတွေကိုတားသလို မိန်းမတစ်စုကလည်း သူတို့ တဘက်ကို ကြိုးလိုဆက်ပြီး ကားကိုတားတယ်။ ကားအရှိန်နှေးလိုက်တာနဲ့ "ပိုက်ဆံကြဲပါဗျို့" ကို ဝိုင်းအော်ကြရင်း လက်ခုပ်သံမြိုင်မြိုင်နဲ့ ကခုန်ကြတော့တယ်။

ကလေးလူတန်းရှည်ကြီးဟာ တောင်ပြုန်းလမ်းခွဲကလေးဆုံးတဲ့အထိ မဆုံးနိုင်အောင် ရှိနေတုန်းပါပဲ။

လမ်းခွဲကလေးအဆုံးမှာ တောင်ပြုန်းရွာရှိတယ်။ ပွဲတော်ကွင်းကြီးရှိတယ်။

ဒါပေမဲ့ ပွဲတော်လာသူတွေနဲ့ပဲ ပွဲတော်ဆိုင်တွေက တောင်ပြုန်းရွာကလေးကို ဖုံးအုပ်ပစ်လိုက်တယ်။ တောင်ပြုန်းရွာကလေးဟာ ပွဲတော်ကွင်းကြီးဖြစ်သွားခဲ့ပြီ။

လမ်းခွဲလေးပေါ်မှာ တအိအိမောင်းနှင်လာခဲ့ရတဲ့ ကားတန်းကြီးကကိုယ်နေရာကိုယ် အသီးသီးဝင်သွားခဲ့ကြတယ်။ ကိုယ်ပိုင်ကားငယ်ကလေးတွေက ကားအပ်ရန် ခြံဝင်းကျယ်ကြီးတွေထဲကို မောင်းဝင်သွား



mgyoe.com

mgyoe.com



ကြပြီး ခရီးသည်တင် ဘတ်စ်ကားကြီးတွေက ကားဂိတ်ကွင်းကျယ်ကြီး တွေထဲကို မောင်းဝင်သွားကြတယ်။

ကားပေါ်က ဆင်းတာနဲ့ လှမ်းမျှော်ကြည့်လိုက်ရင် ပြွတ်သိပ် ကျပ်ညပ်နေတဲ့ ပွဲတော်ဆိုင်ခန်းတွေအလယ်က ဆုတောင်းပြည့်ဘုရား စေတီတော်ရဲ့ ထီးတော်ကို ဖူးတွေ့နိုင်ပေမဲ့ ကြောက်စရာကောင်းအောင် အုပ်ကျက်ဆူညံနေတဲ့ ပွဲတော်အသံဗလံစုံတွေကြားမှာ စေတီတော်ရဲ့ ဆည်းလည်းသံသာကိုတော့ ကြားရနိုင်မယ် မဟုတ်ဘူး။

ပုဂံအနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့တဲ့ ဒီဆုတောင်းပြည့် ဘုရားတည်ရာမှာ မြေးတော်ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ် ညီနောင်နှစ်ဦး အမှုတော်အုတ်နှစ်ချပ် လစ်လပ်ပျက်ကွက်တဲ့အတွက် ဘိုးတော် အနော်ရထာမင်းရဲ့ကွပ်မျက်ခြင်းကို ခံခဲ့ရသတဲ့။

ကွပ်မျက်ခြင်းခံခဲ့ရတဲ့ ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ် မင်းညီနောင် ဟာ ဘိုးတော်အနော်ရထာမင်း ဖောင်တော်နဲ့ စုန်လာတဲ့အခါ ဖောင်တော် ကိုသွားမရအောင် ဆွဲထားခဲ့ပြီး အမှုတော်ကိုသာ ထမ်းရသော်လည်း တစ်စုံတစ်ရာ အကျိုးမခံစားရသောကြောင့် ဆွဲထားခြင်းဖြစ်ပါတယ် လို့ လျှောက်တင်ကြတော့ အနော်ရထာမင်းကြီးက တောင်ပြုန်းအရပ် ဆုတောင်းပြည့်ဘုရားအနီးမှာ နတ်ကွန်းနတ်နန်း ဆောက်လုပ်စေပြီး လူအများကို ပူဇော်ပသစေခဲ့သတဲ့။

ဆုတောင်းပြည့် ဘုရားစေတီအတွင်းမှာ ရွှေချထားတဲ့ အုတ် နှစ်ချပ် လစ်လပ်ရာ ကွက်လပ်လေးနှစ်ခု ရှိတယ်။ ဒီနေရာလေးကို



mgyoe.com

mgyoe.com



ရှိခိုးပူဇော်ကန်တော့ဖို့အတွက် လူအများကြီး တိုးဝှေ့နေကြတယ်။

တောင်ပြုန်းရွာလေးရဲ့အလယ် လမ်းမဘေးဝဲယာ တစ်လျှောက်မှာပွဲတော်ဆိုင်တွေနဲ့ ပြွတ်သိပ်ကျပ်ညပ်နေတယ်။ ပွဲတော်မှာ ရောင်းလေ့ရှိတဲ့ကရေကရာ၊ စလူမုန့်၊ အနုဆုပ်ဆိုင်တွေဆီက မွှေးပျံ့လာတဲ့ မုန့်အနံ့ဟာ ဈေးသည်မလေးရဲ့ မိတ်ကပ်နံ့၊ နှုတ်ခမ်းနီနံ့၊ ရေမွှေးနံ့တွေနဲ့ ရောနှောထွက်ပေါ်နေတယ်။

နာမည်တွေကို ဖတ်ရတာနဲ့တင် မူးနောက်သွားစေနိုင်တဲ့ အမိန့်ရ အရက်ဆိုင်တန်းကြီးကိုလည်း တွေ့နိုင်တယ်။

မန္တလေးရည် မူးမူးလေး၊ ယစ်ထုပ်ကြီး၊ ကပြားမလေး ဂိုယာရမ်၊ ချာချာလည်၊ ရီဝေဖီလင် အများကြီးပဲ။

အရက်ဆိုင်တန်းကအကျော် မီးရထားသံလမ်းကို ဖြတ်တဲ့နေရာရောက်ရင်တော့ လူအုပ်ကြီးက ရွှေ့မရအောင် ကျပ်ညပ်နေတော့တယ်။ မီးရထားလာနေပြီမို့ သံလမ်းတံခါးဘေးနားမှာ စုပြုံရပ်နေကြရတော့တယ်။ ရုတ်တရက်ပူလာတဲ့ နေပူရှိန်ဒဏ်အောက်မှာ ရပ်တန့်နေရတဲ့ လူအစုအပြုံကြီးရဲ့ချွေးတွေဟာ ချောင်းငယ်လေးတစ်ခုတောင် ဖြစ်သွားနိုင်တယ်။ လမ်းခွဲကလေးတစ်လျှောက်လုံးလိုက်လာတဲ့ ဝါဆိုဝါခေါင်လေရမ်းကားတောင် ပွဲတော်အုပ်ကြီးကို ကြောက်လို့ လမ်းခွဲကလေးဆီပြန်ပြေးပြီထင်ရဲ့။

မီးရထားကိုယ်ထည်ကို မမြင်ရလောက်အောင် လူတွေနဲ့ ဖုံးလွှမ်းထားတဲ့ မန္တလေး–မတ္တရာ မီးရထားဟာ တအိအိ တရွေ့ရွေ့နဲ့



mgyoe.com

mgyoe.com



တောင်ပြုန်းဘူတာကို ဝင်လာနေတယ်။ ရထားခေါင်မိုးပေါ်မှာ၊ ရထားဝမ်းထဲမှာ၊ ခြေနင်းခုံပေါ်မှာ ပြွတ်သိပ်လိုက်လာတဲ့ လူတွေရဲ့အော်သံ၊ ခေါ်သံတွေက ပွဲတော်သံတွေထဲမှာ ရောနှောပေါင်းစည်းလိုက်ကြတယ်။

ရထားကျော်သွားတာနဲ့ လူအုပ်ကြီးက ပွဲတော်လမ်းမတစ်လျှောက်မှာဆက်ပြီး ရွေ့လျားကြပြန်တယ်။ ထူးခြားတာတစ်ခုက ရွေ့လျားနေတဲ့ လူအုပ်ကြီးထဲမှာ ဟိုးရှေးကလို ယောကျ်ားလေးတွေက မိန်းကလေးတွေကို သားပြော၊ မယားပြော၊ သမီးရည်းစားပြောတွေနဲ့ စကြ၊ နောက်ကြတာတွေ မရှိတော့ဘူး၊ ဟိုတုန်းကပွဲတော်ထဲမှာ ပျိုပျိုရွယ်ရွယ်မိန်းကလေးတွေ့တာနဲ့ လူပျိုလူရွယ် ယောကျ်ားလေးတွေရဲ့ 'ဟေ့ ချစ်ချစ်' ဆိုတဲ့ခေါ်သံဟာ ပွဲတော်တစ်ခုလုံးကို ဖုံးလွှမ်းလို့။

'ချစ်ချစ်ရေ၊ ဒီမှာဖြင့် စောင့်နေရတာကြာလှပြီ . . .၊ အဲလိုကြီးမစိမ်းကားပါနဲ့' . . .

'နှုတ်ခမ်းကြီးစူမထားပါနဲ့ ချစ်ချစ်ရယ်၊ မလှပါဘူး . . .၊ ပြုံးလိုက်စမ်းပါ . . . ချစ်ချစ်ရဲ့ . . .'

'မောင်လာပြီ ချစ်ချစ်ရယ်၊ မောင်နောက်ကျလို့ စိတ်ကောက်နေတာလား . . .၊ မျက်နှာကြီး တည်မထားပါနဲ့ . . . မောင်နေတတ်ဘူး ချစ်ရဲ့ . . .'

မိန်းကလေးတွေမှာ ရယ်ရခက်၊ တည်ရခက်၊ စိတ်ဆိုးရခက်နဲ့ . . ၊ တချို့နဲနဲကဲတတ်၊ သဲတတ်တဲ့ သကောင့်သားတွေကျ ကလေးရုပ်ကြီးတွေကို မိန်းကလေးတွေနေရှေ့သို့ ပေးခဲ့ပြီး 'ဟင် ၊ မင်းက



mgyoe.com

mgyoe.com



ကလေးပစ်ထားခဲ့ပြီး ဒီမှာပျော်နေတာပေါ့လေ၊ ရော့ . . . မင်းကလေး' ဆိုပြီး လုပ်တတ်ကြတယ်။ မိဘတွေ၊ အစ်ကိုတွေ၊ မောင်တွေကိုလည်း ချမ်းသာမပေးဘူး။ 'ယောက္ခမကြီးရေ'၊ 'ယောက်ဖရေ' အသံတွေ ဆူဆူ ညံလို့ . . ။ ဆရာမြို့မငြိမ်းရဲ့ နာမည်ကျော်တောင်ပြုန်းသီချင်းထဲကလို ပေါ့ 'အို့ . . နောက်ကနေ . . ယောက်ဖရေ ခေါ်နေပြီ . . ပျို့သည်းညည်း ခံ . . . သည်းညည်းခံ၊ ထုံးစံပါအတည်၊ အိမ်ကိုပြန် မြန်မြန်ပါ . . ကလေးတွေငိုကုန်ပြီ' တဲ့ . . ။ ဒီဓလေ့ထုံးစံကို မိန်းကလေးတွေက စိတ်မဆိုးရဘဲ၊ သည်းခံကြရတာ။ ခု . . အဲဒီထုံးစံလေးက ကွယ်ပျောက် သွားသလောက်ပဲ။ ယောက်ျားလေးနဲ့မိန်းကလေး သမီးရည်းစားဖြစ်ဖို့ မျက်လုံးချင်းဆုံ ရင်ခုန်ဖို့ အင်မတန်ခက်ခဲတဲ့ခေတ်တုန်းက မက်မောခဲ့ကြ တဲ့ ပါးစပ်အရသာကို သည်နေ့ခေတ်မှာ မမက်မောကြာတော့ဘူးနဲ့တူပါရဲ့။ ဟိုးရှေး တောင်ပြုန်းကိုမီလိုက်တဲ့ ဘိုးတော်အရွယ် လူပျော်ကြီးတွေ လောက်ပဲ ခပ်ကြောင်ကြောင်နဲ့ နောက်နေကြတယ်။

ချုပ်ပြီးသား အင်္ကျီအဝတ်အထည်ဆိုင်ကြီးတွေရဲ့ အလု အယက် ဈေးဝယ်ကြိုသံ၊ ခေါ်သံတွေက လူတွေကို ခြေလှမ်း မှားစေ တယ်။ ရွှေရောင်ငွေရောင် တလက်လက်ဝင်းနေတဲ့ လက်ဝတ်ရတနာ အတုဆိုင်တွေမှာတော့ လူတွေ ကြိတ်ကြိတ်တိုးနေတယ်။

တောင်ပြုန်းပွဲတော်ရဲ့ အစဉ်အလာ အိမ်ပြန်လက်ဆောင်ဖြစ် နေတဲ့ ဆွဲကြိုးလေးတွေ၊ လက်ကောက်လေးတွေ၊ နားဆွဲလေးတွေ၊ နားဆွဲ လေးတွေ၊ လက်စွပ်လေးတွေကို ပွဲတော်လာသူတိုင်း ဝယ်ကြတယ်။



mgyoe.com

mgyoe.com



အိမ်ပြန်လက်ဆောင်ဝယ်သလို ပွဲတော်ထဲမှာလည်း အပျော်အဝတ်ဆင်ထားကြတယ်။ ဆွဲကြိုးတစ်ကုံး ငါးကျပ်၊ လက်ကောက်တစ်ရံလေးကျပ်၊ နားဆွဲတစ်ရံငါးကျပ် ဝယ်စမ်းပါလေ့၊ ဝယ်စမ်းပါလေ့။

လက်ကောက်၊ ဆွဲကြိုးအတုလေးတွေနဲ့အတူ လူအုပ်ထဲမှာ အများဆုံး တွေ့နေရတာက မိန်းမအတုကလေးတွေပေါ့။ မိန်းကလေး အစစ်နဲ့မခြား ပြင်ဆင်ဝတ်စားထားတဲ့ မိန်းမလျာတွေလေ။ ပွဲတော်ရဲ့ ဘယ်နေရာကို ကြည့်ကြည့် သူတို့ကို တွေ့ရမယ်။

စားသောက်ဆိုင်တန်းတွေရဲ့ဘက်ကနေ တအုံးအုံးထွက်လာနေတဲ့အသံတွေကတော့ ဂီတသံလို့ ပြောလို့မရနိုင်တော့တဲ့ ကက်ဆက်ဖွင့်သံတွေပေါ့။ ဆောင်းဘောက်အကြီးကြီးတွေနဲ့ တစ်ဆိုင်နဲ့တစ်ဆိုင် အပြိုင်အဆိုင် ဖွင့်ထားရင်း စားသောက်မယ့် လူတွေကို ကြိုနေကြတယ်။

စားသောက်ဆိုင်တန်းတွေကို ကျော်ခဲ့ရင်တော့ နဝ်ကတော်တို့ရဲ့ ကနားတဲခန်းလေးတွေကို အစီအရီ မြင်ရပြီ။ အုန်းသီး၊ ငှက်ပျောသီး ဆိုင်လေးတွေနဲ့ အသင့်ပြင်ပြီးသား ကန်တော့ပွဲဆိုင်လေးတွေကိုလည်း တွေ့ရပြီ။ ဗောင်းတော် (ပဝါ) ဆိုင်လေးတွေကလည်း အရှယ်အစားစား ရောင်းချကြလို့။

ရှည်မျောမျော ကနားတဲခန်းလေးတွေအားလုံး အတတ်နိုင်ဆုံး တောက်ပပြောင်လက်နေအောင် ပြင်ဆင်ထားကြတယ်။ ရွှေရောင်ဝင်း လက်နေတဲ့ နတ်ပုံတော်တွေဟာ မီးလုံးဝါအောက်မှာ အသက်ဝင်လှုပ်ရှား လာတော့မလိုပဲ။ ပုံတော်တွေရှေ့မှာ သစ်သီးမျိုးစုံ၊ ပန်းမျိုးစုံ၊ မုန့်မျိုးစုံ၊



mgyoe.com

mgyoe.com


ဘီယာဘူး၊ ရမ်ပုလင်း၊ ပက်စီ၊ ဆဲဗင်းအပ် စတဲ့ စတဲ့စားတော်စားပွဲ တွေကို တခမ်းတနား ပြင်ထားတယ်။ လှလှပပဖြီးလိမ်းပြင်ဆင်ထားတဲ့ နတ်ကတော်ကလည်း ကတ္တီပါခင်း ကလပ်လေးပေါ်က ကြွေကလေးတွေ ကို ဆကာဆကာနဲ့ ကြွေခေါက် နတ်ဟောဖို့ အဆင်သင့်ပြင်လို့။

ဟော ... ဟိုမှာ လူအုပ်ကြီး ဦးတည်တိုးဝှေ့နေတဲ့ တောင်ပြုန်း မင်းနှစ်ပါးရဲ့ ရွှေနန်းတော်ကြီးကို လှမ်းလို့ မြင်ရပါပကော။

အုတ်ကျောက်ဆူညံလှတဲ့ အသံဗလံတွေရဲ့အလယ်မှာ နန်းတော် ကြီးက ဣန္ဒြေသိက္ခာကြီးမားစွာနဲ့ ငြိမ်သက်လို့နေတယ်။

နန်းတော်ကြီးနားရောက်လာကြတဲ့ လူအပေါင်းကို ရုတ်တရက် စိတ်လှုပ်ရှားသွားအောင် သင်းပျံ့လာတဲ့အနံ့ကတော့ တခြားဟုတ်ပါ ရိုးလား။ ဖွန်ပန်းနံ့လေ။ ဒီရာသီမှာပွင့်တဲ့ ဖွန်ပန်းရဲ့မွှေးရနံ့ဟာ စိတ်ကို လှုပ်ရှားကြည်နူးသွားအောင် ထူးခြားတဲ့အနံ့ပေပဲ။

နန်းတော်ကြီးရဲ့ ပတ်ပတ်လည်ကို ပန်းဆိုင်တွေက ဝိုင်းရံထားကြ တယ်။ ဖွန်ပန်းနံ့ သပြေနံ့ နှင်းဆီနံ့ ပန်းညိုရောင်ပန်းနံ့ ရွှေပန်းနံ့တွေနဲ့ ပန်းသည်တွေရဲ့ အသံဟာနန်းတော်ကြီးပတ်ဝန်းကျင်မှာ လွင့်ပျံ့နေခဲ့တယ်။

လူအုပ်ကြီးက ပန်းဆိုင်တွေမှာ ပန်းစုံစည်းထားတဲ့ ပန်းတော် ပန်းစည်းတွေကို ဝယ်လိုက်ကြပြီး ပန်းစည်းထိပ်မှာ ဖောင်းတော်ပဝါစ လေးကို အထွတ်အမြတ် ရစ်ပတ်လိုက်ကြတယ်။

မင်းနှစ်ပါးကို ကန်တော့ကြမယ်လေ။ သည်နေ့ဟာ ကန်တော့ခံ ပထမနေ့။ မင်းနှစ်ပါး စတင်ပြီး ကန်တော့ခံတဲ့နေ့။ လူအုပ်ကြီးက ဖိနပ်


mgyoe.com

mgyoe.com



တွေကို ချွတ်လိုက်ကြတယ်။

လူအုပ်ကြီးရဲ့ ခြေဖဝါးတွေဟာ ရေစိုရွှဲနေတဲ့ နန်းတော်ကြီး ခြေရင်းက ရွှံ့အိုင်လေးတွေထဲမှာ နစ်မြုပ်သွားကြတယ်။ သည်ရေတွေဟာ နန်းတော်အဝင်ဝ တစ်ဖက်တစ်ချက်မှာရှိနေတဲ့ မင်းနှစ်ပါးရဲ့ စီးတော်ကျားရုပ်နှစ်စီးကို လူတွေ ကျားရေတိုက်ရာက စီးဆင်းလာတဲ့ ရေတွေပေါ့။

မင်းနှစ်ပါးရဲ့ စီးတော်ကျားတွေကို ကျားရေတိုက်ကြရတယ်။ ကျားစာကျွေးကြရတယ်လေ။ နန်းတော်ကြီးခြေရင်းမှာ ကျားရေ၊ ကျားစာ ဆိုင်လေးတွေ ရှိတယ်။

နန်းတော်ကြီးပေါ်ကို ရောက်လာကြတဲ့လူအုပ်ကြီးက မင်းနှစ်ပါး ရဲ့ မျက်နှာတော်တွေကို အနီးကပ်ဖူးရအောင် သူ့ထက်ငါ ရှေ့ကိုတိုးကြ တယ်။

နန်းတော်ကြီးထိပ် ပလ္လင်ပေါ်မှာတော့ မင်းခမ်းမင်းနား အပြည့် အစုံနဲ့ ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်၊ ကိုယ်တော်ကြီး၊ ကိုယ်တော်လေး မင်းနှစ်ပါး ပုံတော်ရုပ်တုနှစ်ခု စံပယ်နေတယ်။

အောက်ခံ ဖွန့်ရိုးပလ္လင်ပြန့်ပေါ်မှာ လက်ယာဒူးထောင်၊ လက်ဝဲ ဒူးလှဲ၊ လက်ယာလက်က ဓားထမ်း၊ လက်ဝဲလက်က ပေါင်ပေါ်ထောက် ထားတဲ့ ဟန်နဲ့ဖောင်း၊ နားတောင်း၊ လက်ကောက်တန်ဆာ အပြည့်အစုံ ဆင်ယင်ထားတယ်။ မင်းနှစ်ပါးပုံတော်နှစ်ခုကို တစ်ဆင်တည်း ထုလုပ် ထားပေမဲ့ မင်းလေးပုံတော်ကို အရွယ်နည်းနည်းငယ်ပြီး ထုထားတယ်။

မင်းနှစ်ပါး ပလ္လင်ဘေးမှာ နန်းထိန်းမျိုးတွေက လူတွေဆက်တဲ့



mgyoe.com

mgyoe.com



ပန်တော်ပန်းတွေ၊ ဖောင်းတော်တွေကိုယူပြီး မင်းနှစ်ပါးရဲ့ ပန်းတော်ကျပန်းကို လူတွေဆီ ပြန်ပေးတဲ့အလုပ်ကို လက်မလည်အောင် လုပ်နေရတယ်။

မင်းနှစ်ပါးရဲ့ ပန်တော်ကျပန်းကို မရဘဲနဲ့ ဘယ်လူတစ်ယောက်မှမပြန်ဘူး။ မင်းနှစ်ပါးရဲ့ ပန်းတော်ကျပန်းကို တစ်နှစ်လုံးဆောင်ထားကြမယ်လေ။ ပန်းတော်ပန်းကို ဆောင်ထားခြင်းဖြင့် အန္တရာယ်ကင်းသတဲ့၊ ဘေးရှင်းသတဲ့။ စီးပွားလာဘ်လာဘ တိုးတက်သတဲ့။ ကြံတိုင်းအောင်၊ ဆောင်းတိုင်းမြောက်သတဲ့။

အထူးသဖြင့် သည်နေ့သည်ရက် မင်းနှစ်ပါးစတင် ကန်တော့ခံတဲ့ရက်ဦးနေ့ဦးမှာ လာရောက်ပူဇော်ကန်တော့ရင်ဖြင့် မင်းနှစ်ပါးက ပိုလိုသာ ရွှေစိတ်တော် ကျေနပ်ပြီး ပိုလို့သာ "မ" သတဲ့။

လူအုပ်ကြီးက နန်းကြမ်းပြင်ပေါ်မှာ တစ်ဦးနှင့် တစ်ဦး တိုးဝှေ့နေရာယူ ထိုင်လိုက်ကြတယ်။

ရှိရှိသေသေ ပုဆစ်တုပ်လို့ ပန်တော်ပန်းကို ရင်မှာထားရင်း လက်အုပ်တွေကို ကိုယ်စီ ချီလိုက်ကြတယ်။

ပြီးတော့ ပျပ်ဝပ်ဦးနှိမ်ပြီး မင်းနှစ်ပါးကို ရှိခိုဦးခိုက် ကန်တော့လိုက်ကြတယ်။



mgyoe.com

mgyoe.com

## ဒုတိယနေ့ ကန်တော့ခံ

ဝါခေါင်လဆန်း (၉) ရက်



mgyoe.com

mgyoe.com



"ရက်ဦးပါဘုရား၊ နေ့ဦးပါဘုရား၊ ကျေးတော်မျိုး ကျွန်တော်မျိုးမကြီး အခစားရောက်ပါပြီ ဘုရား၊ လာဘ်ဦး၊ လာဘ်ထူးများကို ပေးသနားတော်မူပါ၊ စောင့်ရှောက်တော်မူပါ၊ ကြည့်ရှုတော်မူပါ၊ ကိုယ်တော်တို့အပါးကို နှစ်စဉ်မပျက် အခစားဝင်ပါတယ်ဘုရား။ ကျေးတော်မျိုး ကျွန်တော်မျိုးမကြီးမှစ၍ သားသမီးမြေးမြစ်တီကျွတ်မှ မကျန် "မ" တော်မူပါ။ "စ" တော်မူပါ၊ ဘုန်းကောင်း၊ လာဘ်ကောင်းများလည်း ပေးသနားတော်မူပါဘုရား"

ဘွားရွှေအိမ်ရဲ့ ကိုယ်လုံးသေးသေးလေးက နန်းကြမ်းပြင်မှာ ပြားကပ်လို့နေတယ်။ တတွတ်တွတ် ဆုတောင်းရွတ်ဖတ်နေတဲ့ ဘွားရွှေအိမ်ရဲ့ပါးနှစ်ဖက်က ချိုင့်ဝင်နေပြီး လက်အုပ်ချီထားတဲ့ လက်အစုံကလည်း ပိန်လှီသေးငယ်ပြီး အရေတွေ အလိပ်လိုက် တွန့်လိပ်နေကြပြီ။ ဒါပေမဲ့ အဘွားအိုရဲ့ ပါးရေတွန့်မျက်နှာမှာ သနပ်ခါးအဖွေးသား လိမ်းကျံထားတယ်။ ဖြူဆွတ်နေတဲ့ ဆံပင်ဖုထုံးလေးနားမှာ ဖွန်ပန်းကုံးလေးတစ်ကုံးကို ရစ်ခွေထားတယ်။ အင်္ကျီအဖြူ တစ်နှစ်လုံး ခေါက်ထားတဲ့



mgyoe.com

mgyoe.com



ခေါက်ချိုးရာတွေနဲ့ (အဘွားတို့ အပျိုခေတ်က) ဖဲတရိုကိတ်ထဘီအပွင့်ကိုဝတ်ထားပြီး ပိုးဖောက်ထားတဲ့ ဝါညစ်ညစ် ပိုးပဝါကို လည်မှာရစ်လို့။

အသက်ရှစ်ဆယ်ကျော် ဘွားရွှေအိမ်ရဲ့ ခေါင်းကတဆတ်ဆတ်တုန်စပြုနေပြီ၊ သွားတွေလည်း ကုန်စပြုပြီ၊ မျက်လုံးတစ်ခုသာ မှုန်ရုံမှုန်ပြီး လူလုံးကွဲအောင် ဘွားရွှေအိမ်ကြည့်နိုင်သေးတယ်။

အရှင်နှစ်ပါး မျက်နှာတော်တွေကိုတော့ ရှေ့မတိုးနိုင်လို့၊ လူတွေကို မတိုးနိုင်အောင်လို့ ပြတ်ပြတ်သားသား မမြင်ရတော့၊ မဖူးရတော့ပြီ။ စိတ်နဲ့သာ ရော်ရမ်းဖူးခဲ့ရတာ ဘယ်နှနှစ်ရှိခဲ့ပြီလဲ။ ဩော် ... ဟိုတုန်းကတော့ ဒီလိုမဟုတ်ပေါင်။ ကိုယ်တော်တို့အနားရောက်အောင်သွားပြီး မျက်နှာတော်ကို တစိမ့်စိမ့်ဖူးပြီး ခစားခဲ့တာချည်းပဲ။ ဘယ်လိုလူအုပ်မျိုး တိုးရမလဲ လာခဲ့ပါ။ ဘယ်လိုအတားအဆီးမျိုးကျော်ရမလဲ လာခဲ့ပါ။ ခုတော့ ဒီလိုမဟုတ်တော့ပြီ၊ ရွှေအိမ် ငယ်ငယ်တုန်းက အားတွေ ဘယ်များရောက်ကုန်ပါလိမ့်တုန်း။

ဟိုတုန်းက သည်လိုလည်း လူများသေးပါဘူး။ ကိုယ်တော်တို့နားရောက်ဖို့ တိုးစရာ၊ ဝှေ့စရာလည်း မလိုပါဘူး။ အေးအေးသက်သာကန်တော့ပြီး ပန်းတော်ကျလေးယူ၊ ခေါင်းမှာပန်ပြီး နန်းထဲမှာ စိမ်ပြေနပြေထိုင်နေလို့ရသေးတယ်။ ကိုယ်တော်တို့ခြေတော်ရင်းမှာ ပါလာတဲ့ထမင်းအိုးတောင်း၊ ဟင်းအိုးတောင်း ဖွင့်ပြီး ထမင်းစားနေလို့ရသေးတယ်။

ခုတော့ ကျေးဇူးရှင်များ ဘုန်းသမ္ဘာတော်ကလည်း ကြီးတော်မူ



mgyoe.com

mgyoe.com



ပေတာကိုး။ တစ်ပြည်လုံးက လာပြီး ခစားကုန်ကြပြီ။ ကိုယ်တော်တို့ကို “ပ” လိုက်၊ “သ” လိုက်ကြတာကလည်း နည်းရော့လား။ ကျေးတော်ရင်း ကျွန်တော်ရင်း ကျွန်တော်မျိုးမကြီးတောင် အရှင်နှစ်ပါးရဲ့ ပန်တော်ကျကို ယူဖို့ခက်နေပြီ။ ပန်တော်ကျပန်းလေး တစ်ပွင့်တစ်ခက်မှ မရလို့ကတော့ ကျွန်တော်မျိုးမကြီး မပြန်ဘူးဘုရား။ ကိုယ်တော်တို့ ခြေတော်ရင်းမှာ ကျောက်ချနေမယ်။

အင်း‥ ပန်တော်ပန်းကလည်း ဈေးကြီးလိုက်တာဘုရား။ ဟိုတုန်းကနှင့်များ ကွာလှချည်ရဲ့။ ဟိုတုန်းက ပန်တော်ပန်းတစ်စည်းမှ တစ်မတ်ရယ်။ သပြေပါတယ်။ ပန်းညိုပါတယ်၊ ဖွန်ကုံးလေးလည်း ပါတယ်။ အစည်းကြီးတစ်စည်းမှ တစ်မတ်၊ အခုတစ်စည်း ငါးကျပ်တဲ့ ဘုရား၊ သပြေလေး နည်းနည်းနှင့် ရွှေပန်းတွေ နည်းနည်းပဲပါတယ်။ ပန်းညိုတို့ ဘာတို့ဆိုတာ ကြားတောင်ကြားဖူးတော့တူး ထင်ပါရဲ့။ “ရွှေပြုံး ပန်းနံ့သာ ညိုမွှေးလှတယ်ဆိုတဲ့။ စာဆိုတောင်ရှိသေး၊ မပြောလိုက် ချင်ဘူး။

သားတွေ သမီးတွေက အမေရယ်၊ တစ်နှစ်တလေ မသွားပါနဲ့ လား။ အိမ်ကပဲ ရည်မှန်းကန်တော့ပါ။ အမေ အသက်ကြီးပြီတဲ့။ ပြောလိုက်ရတယ်၊ နင်တို့ ဘာနားလည်လို့လဲ။ အရှင်နှစ်ပါးကို ပေးထားတဲ့ ကတိမဖျက်ကောင်းဘူး။ မဖျက်ရဘူး။ ငါတစ်သက်လုံး အရှင်နှစ်ပါးကို ပွဲတော်ချိန်မှာ အခစားဝင်ပါ့မယ်လို့ ကတိထားခဲ့ပြီးသား။ မင်းရာဇမာန် ရှိတယ်ဆိုတာ တယ်ကြောက်ဖို့ကောင်းတယ်။ ဟိုတစ်နှစ်က ဖျားပြီး



mgyoe.com

mgyoe.com



အိပ်ရာထဲ လဲနေလို့ အစားမဝင်လိုက်ဘဲ နေလိုက်ရပါရောလား။ ခါတည်း အိပ်မက်တွေပေး၊ တစ်နှစ်လုံးလည်း ထူထောင်တယ်မရှိဘဲ ချူချာနေတော့တာ။ အစားမဝင်လို့ မဖြစ်ဘူးဟဲ့လို့ ပြောရတယ်။

မြေးတွေကို အဖော်သဟဲ ထည့်ပြန်တော့လည်း တုန်ချည့် တုန်ချည့် ဘွားအေနဲ့ မြေးတွေက မလိုက်ချင်ကြဘူး။ နေပဟဲ့။ ကိုယ့်ဟာ ကိုယ်သွား၊ ဘာဖြစ်တုန်း။ တောင်ဝှေ့တစ်ချောင်းပါပြီးတာကို။ သည် တောင်ပြုန်းနဲ့ ကျူပ်တို့ရွာကလည်း ကပ်နေတာ။ မြေးတွေသည်ရွာစပ်ထိ ငေါ့လိုက်ပို့။ နေအေးရင် ရွာစပ်က လာစောင့်လို့။ သည်ရွာထဲက မသေ မပျောက်သေးတဲ့ ပေါင်းဟောင်းသင်းဟောင်းတွေနဲ့လည်း တွေ့ချင်သေးလေ။

တွေ့မယ်သာဆိုရ သူတို့အိမ်ရာဖို့ကလည်း ကိုယ်အမယ်ကြီး ခပ်ခက်ခက်ရယ်။ ကိုယ်ငယ်ငယ်က သည်တစ်ရွာလုံး ဘယ်နားဘာရှိ တယ်ဆိုတာ အကုန်သိတာပေတဲ့၊ ခုပွဲတော်ချိန်ဆို မျက်စိလည်ကုန်ပါ လေရော။ တစ်ရွာလုံး နန်းတွေချည်းပဲ ဖြစ်ကုန်တာကိုး။

အရင်တော့ သည်နန်းကြီး ဘေးနားတစ်ပိုက်မှာ နည်းနည်း ပါးပါးပါ။ နတ်ကတော်တိုင်းလည်း ကနားထိုးပြီး ခုနှစ်ရက် ခုနစ်လီ မနေပါဘူး။

ကန်တော့ပြီး ပြန်တဲ့သူ ပြန်တာပဲ။ ကိုယ်တော်တို့ သည်နန်းက လည်းဒီလို စုလစ်မွမ်းချွန်တွေနဲ့ တခမ်းတနား နန်းတော်ကြီး မဖြစ် သေးပါဘူး။ ခုတော့ ရွာထဲမှာ နတ်ကတော်တွေရဲ့ နန်းတွေ၊ နန်းတွေ နည်းတာမှ မဟုတ်တာပဲလား။ နန်းကြီးက ထိုးပေးပြီး ကိုယ်တော်တို့ကို



mgyoe.com

mgyoe.com



အခွန်ဘဏ္ဍာဆက်ရတဲ့ ကနားတဲတွေနဲ့ မလောက်လို့ရွာထဲက အိမ်ခြံဝင်းတွေထဲမှာ ဆောက်ပြီး ၄ားကြပါရောလား။

အိမ်ဝိုင်းတိုင်းမှာ ကနားတဲတွေ၊ လူတွေနဲ့အပြည့်။ ရေစက်တူးပြီး ရေချိုးခလည်း ယူကြသတဲ့။ အိမ်လခလည်း ယူကြသတဲ့။ ကိုယ်တော်တို့ ပေးတာပေါ့။

ကိုယ့်ကျေးရွာ၊ ကျွန်ရွာကို ကိုယ်တော်တို့က ကျွေးတာပေါ့။ ကိုယ်တော်တို့ ကျေးဇူးကြီးပါပေတယ်။

ပြီးတော့ အရင်ကဆို သည်လိုရှစ်ရက်၊ ကိုးရက် ဘာစည်သေးမတုန်း။ ရွာနေရွာထိုင်တွေပဲ ရိုးရာလာကန်တော့ကြ၊ ပန်းဆက်၊ နတ်ကတော်တွေလည်း ပုံတော်လှည်းကြီးတွေနဲ့ ပုံတော်တွေ လှည်းပေါ်တင်ပြီး တဖွဲဖွဲလာကြတုန်း မန္တလေးက မီးရထားက လဆန်းရှစ်ရက်နေ့မှ ထွက်ပေးတာ။

မန္တလေးသူ မန္တလေးသားတွေက သည်ရက် ကိုးရက်ကျမှလာကြတယ်။ မန္တလေးသူ၊ မန္တလေးသားထုံးစံက မန္တလေးကနေ လှည်းတွေနဲ့ လာကြတယ်။

လှည်းတွေနဲ့လာပြီး ကပိုင်ရွာ ဘုန်းကြီးကျောင်း ညောင်ပင်ကြီးတွေအောက်က ဇရပ်ကြီးတွေမှာ တစ်ထောက်နား၊ အဲသည်မှာ မနက်စာ ချက်ပြုတ်စားသောက်ကြပြီး နေလေးချိုတော့မှ တောင်ပြုန်းအရောက် မောင်းလာကြတာ။

လွမ်းပါသေး၊ လွမ်းပါသေး။ အိမ်က အဘိုးကြီးဖြစ်မယ့်



mgyoe.com

mgyoe.com



သွားလေ သူကြီး ဘိုးသာမောင်က မန္တလေးက သူဌေးဦးဘခင်တို့လှည်းကို မောင်းရတဲ့ လှည်းသမားကြီးပေါ့တော်။ သူဌေးရဲ့လူယုံလည်း လူယုံပေါ့။

တောသူ ရွှေအိမ်ကို သူဌေးနဲ့ သူဌေးကတော်ကိုယ်တိုင် လိုက်တောင်းပေးတာ။ မင်္ဂလာဆောင်ပြီးတော့ သည်နန်းပေါ်မှာ အရှင်နှစ်ပါးကို လာကန်တော့ကြသေးတယ်။

ဩော် ... အဘိုးကြီးနှယ် အသက်တိုရှာပေတယ်။

ဘွားရွှေအိမ်က နန်းကြမ်းပြင်ကနေ တောင်ဝှေ့ကလေးကို ဆုပ်ကိုင်ရင်း မတ်တတ်ရပ်ဖို့ ကြိုးစားတယ်။ တောင်ဝှေ့လေးကို အားပြုဖို့ ဘွားရွှေအိမ် ကြိုးစားနေတုန်းမှာပဲ သန်မာတဲ့လက်တစ်ဖက်က ဘွားရွှေအိမ်ကို တွဲထူပေးလိုက်တယ်။ အလို ... ဘယ်သူလေးပါလိမ့်။

"အဘွား၊ အောက်ဆင်းမလို့လား။ ကျွန်တော် တွဲပို့ပေးရမလား"

ဩော် ... ဘုန်းကြီးမယ့် သူငယ်လေးပဲ။ သွက်လက်ဖျတ်လတ်တဲ့ သူငယ်ကလေးကို ဘွားရွှေအိမ် သဘောကျ ခေါင်းငြိမ့်တုန်းမှာပဲသူငယ်လေးကသူ့အလုပ်ကို သွက်သွက်လက်လက် လှုပ်ရှားလိုက်တယ်။ အဘွားကြီးရဲ့ ရှေ့ရင်ဖုံးအိတ်၊ ဘော်လီအိတ်ထောင် အားလုံးကိုအသာစမ်းသပ် လှုပ်ရှားလိုက်တယ်။

အို ... အလားကားပဲ။ စိုးလွင် တော်တော်စိတ်ပျက်သွားတယ်။ ချိတ်အပ်ကြီးကြီးနဲ့ တွယ်ထားတဲ့ ဘော်လီအိတ်ထောင်ထဲမှာ ကျပ်တန်



mgyoe.com

mgyoe.com



အသစ် မာခေါက်ခေါက်လေးတွေပဲ ပါတယ်။

တော်ပါပြီ၊ မလိုချင်ပါဘူး။ ကျပ်တန်ခေတ်ဆိုတာ ကုန်ပြီ အဘွားရဲ့။ နတ်ဆက်ဖို့ဆိုလည်း အဘွားမျက်နှာငယ်ရမယ်။ ခေါင်းပေါင်းစတွေ၊ ခြသေ့်တွေကြားမှာ မျက်နှာငယ်ရမယ်။ ဘော်လီအိတ်ထောင်ထဲမှာ၊ ရှေ့ရင် ဖုံးအိတ်ထဲမှာ တခြားအဘွားကြီးတွေလို ရွှေကြယ်သီးစုံတို့၊ ကျောက် ကြယ်သီးစုံတို့ကို ချိတ်နဲ့ ချိတ်လာပါလား အဘွားရဲ့။ သည်လို အဘွားကြီးမျိုးတွေဆီက ရွှေကြယ်သီးတစ်စုံ၊ ကျောက်ကြယ်သီးတစ်စုံ၊ မနှစ်ပွဲတော်မှာတုန်းက စိုးလွင် ရဖူးပြီ။ ခါးပိုက်နှိုက် သက်တမ်း တစ်လျှောက်မှာ သည်လို အဘွားကြီးမျိုးတွေကို စိုးလွင် သဘောအကျဆုံးပေါ့။

ကပ်ဖို့လည်း အင်မတန်မလွယ်၊ နှိုက်ဖို့လည်း အင်မတန် မလွယ်ပဲ။ လွယ်ကလည်း လွယ်သေး၊ သူတို့ဆီကရတဲ့ပစ္စည်းတွေကလည်း အကောင်းလေးတွေရယ်။ ရွှေဆိုလည်း ရှေးရွှေအရည်မီ အရည်ပြည့်လေးတွေ။ ကျောက်ဆိုလည်း ဥဿဖရား အကောင်းစားလေးတွေ။

"ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အန္တရာယ်မျိုး ကိုးဆယ့်ခြောက်ပါးနဲ့ ကင်းဝေးပါစေ၊ ထိမယ့်ခလုတ် ဆုတ်ပါစေ၊ လာမယ့်ဘေး ဝေးပါစေ၊ တစ်ကြဲကြဲလို့ ဆယ်ကြဲအောင်ပါစေ"

အဘွားကြီးက တတွတ်တွတ်ဆုတောင်းရင်း လှေကားပေါ်က နေတရွေ့ရွေ့ ဆင်းသွားလေရဲ့။

အန္တရာယ်မျိုးကိုးဆယ့်ခြောက်ပါးတောင် မကင်းဝေးချင်ပါဘူး



mgyoe.com

mgyoe.com



အဘွားရယ်။ ဘုန်းလည်း မကြီးပါရစေနဲ့။ အသက်လည်း မရှည်ပါစေနဲ့ (ဘုန်းကြီးမှာ မဟုတ်တဲ့တူတူ အသက်ရှည်မှာ မဟုတ်တဲ့တူတူလေ)

ဟဲဟဲ ... ကိုယ်တတ်တဲ့ လက်မှုပညာလေးနဲ့ လှူပ်ရှားတိုင်း လှုပ်ရှားတိုင်းတော့ ခဲဖတ်ဖတ် ဖွံ့ဖွံ့မို့မို့လေး ရပါရစေဗျာ။ ကိုယ်တော်ကြီး ကိုယ်တော်လေးတို့ကလည်း ညီဖွားကို စောင့်ရှောက်တော်မူပါ။ နန်းတော် ကြီးပေါ်ကိုလည်း ညီဖွားနေ့တိုင်း အခစားဝင်မှာပါ။

အောင်မယ် ... မင်းအလုပ်နဲ့မင်း အမဲရှာရင်း နန်းပေါ်လာ တာ မဟုတ်လားကွလို့လည်း ဟုတ်တာတွေနဲ့ အပြစ်တင်စောတော် မမူပါနဲ့။

ဘုရားလည်း ဖူးရင်း လိပ်ဥလည်း တူးရင်းပေါ့ဘုရား။ ကိုယ်တော်တို့လည်း ဖူးရင်း အမဲလည်း ရှာရင်းပေါ့ဘုရား။

အမဲကလည်း သည်နှစ်မရပါဘူးဘုရား။ အရင်နှစ်တွေဆို မန္တလေး–မတ္တရာ မီးရထားပေါ်မှာ တောင်ပြုန်းပြုံးပွဲတော် မစခင်က တည်းက စိုးလွင်တို့ တောကြောမိနေပြီ။ စိုးလွင်တို့လက်ဖျားမှာ ရွှေရော၊ ငွေရော သီးနေပြီ။ ပွဲမစခင်မှာ ရထားပေါ်က စိုးလွင်တို့ရဲ့ အမဲက နတ်ကတော်တွေလေ။ သူတို့နတ်ရုပ်တောင်းတွေ၊ သေတ္တာတွေနဲ့ ရှုပ်ယှက်ခတ်ပြီး တွဲပေါ်တက်တဲ့အချိန်ဟာ စိုးလွင်တို့အတွက် အလွန် ပျော်စရာကောင်းတဲ့အချိန်ပေါ့။ မိန်းမလျာ နတ်ကတော်တွေဆို ပိုတောင် ကပ်လို့ကောင်းသေး။ နောက်သလို ပြောင်သလိုနဲ့ နည်းနည်းပါးပါး ကပ်ညှိလိုက်ရင်ပြီးပြီ။ သည်ထက်ဆက်လုံးရင် ခါးပိုက်နှိုက်စရာ မလိုဘဲ



mgyoe.com

mgyoe.com



နဲ့တောင် သူတို့ဆီက ရမယ့်ကိန်းရှိတယ်။

ပွဲတော်ရက်အတွင်းကတော့ ရထားပေါ်မှာ စိုးလွင် စိတ်ကြိုက်ပေါ့။ ရထားကကျပ်သလားတော့ မမေးနဲ့။ ထိုင်စရာခုံတွေ အကုန်ပြည့်တဲ့အပြင် ခုံတွေကြားမှာ လူတွေရပ်နေကြတာ ကြည့်လိုက်လို့ရှိရင် ရင်ချင်းဆက်အမြွာတွေ၊ ကျောချင်းဆက်အမြွာတွေ၊ ဘေးချင်းဆက်အမြွာတွေကျနေတာပဲ။ ကျပ်ရမယ်လေ။ ရထားက ကားထက်ဈေးသက်သာတာကို။ ကားခက အစိတ်သုံးဆယ်၊ ရထားက ခုနစ်ကျပ်၊ ရှစ်ကျပ်ကိုး။ ကားခဈေးကြီးတာနဲ့ ရထားက ဈေးသက်သာတာပဲမြင်ပြီး ခါးပိုက်နှိုက် ရန်ကို မမြင်တဲ့ မိဘပြည်သူအပေါင်းတို့ကိုတော့ စိုးလွင်တို့က အဆင်သင့် ကြိုဆိုလျက်ပါပဲခင်ဗျာ။

စိုးလွင်တို့က ရထားပေါ်မှာ အမြဲရင်ချင်းဆက်အမြွာပဲ။ ကျောချင်းဆက်တွေ ဘေးချင်းဆက်တွေအဖြစ် ဘယ်တော့မှမနေပါဘူး။ ကိုယ့်ရဲ့ရင်ချင်းဆက်အမြွာကလည်း အမျိုးသားပဲဖြစ်ဖြစ်၊ လည်ပင်းမှာ ဆွဲကြိုးလေးတစ်ကုံးတော့ ပါတဲ့သူဖြစ်မှလေ။

အမျိုးသမီးတွေဆို ရွှေကြယ်သီးလေးတွေများ တပ်လာရင်ပိုတောင်ကောင်းသေး။ အောက်လုံးလေးတွေကို တစ်လုံးချင်း အသာလေးဖြုတ်ရုံပဲ။ သည်ခေတ်မှာ ကြယ်သီးတပ်အင်္ကျီတွေ ပြန်ခေတ်စားလာတာစိုးလွင် ကျေးဇူးတင်ရဦးမယ်။

အဲ ••• ရွှေမစစ်တဲ့ ရွှေကြယ်သီးတွေကလည်း တစ်ခါတလေခါးပိုက်နှိုက်ကို တစ်ပတ်ပြန်ရိုက်သွားတတ်သေးသဗျ။ ဒါပေမဲ့ အညာသူ



mgyoe.com

mgyoe.com



အညာသားတွေကတော့ ရိုးရိုးသားသား များရှာပါတယ်။ ဆွဲကြိုးဖြစ်ဖြစ် ကြယ်သီးဖြစ်ဖြစ် ရလိုက်ရင် အစစ်ကလေးတွေချည်းပါပဲ။

အိုး... သည်နှစ်များတော့ မပြောချင်ပါဘူး။ ဘယ်လိုဖြစ်ကြတယ်မသိပါဘူး။ ရထားကတော့ ကျပ်မြဲပေမဲ့ ယောကျ်ားများကြည့်လိုက်တော့လည်း ဆွဲကြိုးပါတဲ့သူ လုံးဝမရှိသလောက် (အရင်အညာသားတွေက ဆွဲကြိုးဆွဲတာ အလွန်ဝါသနာပါတာ) မိန်းမတွေကြည့်လိုက်တော့လည်း ဆွဲကြိုးဝေးလို့ နားကပ်တောင်အနိုင်နိုင်။

အဲ... အင်္ကျီတွေမှာတော့ အားလုံးအားလုံးမိန်းမတွေ ရွှေကြယ်သီးတွေ တပြောင်ပြောင်နဲ့ဗျာ။ ဒါပေမဲ့ အထင်မကြီးပါနဲ့ မိတ်ဆွေ မောင်စိုးလွင် တို့ရန်ကုန်မှာကတည်းက လေ့လာခဲ့ပြီးသား။ သည်နှစ်က တစ်လုံး ဆယ့်နှစ်ကျပ်တန် ရွှေကြယ်သီးတပ်အင်္ကျီတွေခေတ်စားနေတဲ့ နှစ်ကိုးဗျ။ မောင်စိုးလွင်တို့ ခံလိုက်ရပုံကတော့ ရထားတွဲရှိသမျှ စုန်ချည်ဆန်ချည်ကူးတာတောင် ကလေးတစ်ယောက်လည်ပင်းက ဆွဲကြိုးမျှင်မျှင်လေးတစ်ကုံးပဲရတယ်။

ပွဲတော်မစခင် သုံးရက်အလိုက ရောက်တယ်။ ရှစ်ရက်နေ့ ပွဲစတယ်။ သည်နှစ်ကိုးရက်အထိ ရွှေဆိုလို့ ဒါလေးပဲ၊ ငွေရတာလေးကလည်း မဖြစ်စလောက်ပါ။ စားစရိတ်သောက်စရိတ် နှုတ်စရိတ်တယ်ကာမိသေးမလဲ။

တော်ပြီ၊ မနက်ဖြန်ကစပြီး နန်းကြီးနားတစ်ဝိုက်မှာပဲ နေတော့မယ်။ ချီးရေတော် သုံးတဲ့နေ့ကျရင်တော့ ကိုယ့်အတွက်ကြီးပါပဲ၊ အဲဒီနေ့ကျရင်တော့ ကိုယ့်အတွက်ချည်းပါပဲ၊ အဲဒီနေ့ကျရင် ရန်ကုန်က လာကြ



mgyoe.com

mgyoe.com



တဲ့ အန်တီကြီးတို့တစ်တွေ ချီးရေတော်သုံးမယ့် ကိုယ်တော်နှစ်ပါးအတွက်ကို အလုအယက် တိုးဝှေ့ကြချိန်မှာ ကိုယ်က သူတို့လည်ပင်းလေးတွေ၊ သူတို့ချိုင်းကြားထဲက ပိုက်ဆံအိတ်ဖောင်းဖောင်းလေးတွေကို စမ်းသပ်ခွဲစိတ်လိုက်ရုံပဲလေ။

"ကဲ ... ရှေ့နေက ဖယ်စမ်းပါတော်။ ဒီနားမှာ ကျိုးကြည့်ကြောင်ကြည့်လုပ်မနေနဲ့။ ဘာအပျိုမှ မရှိဘူး။ တော် ခါးပိုက်နှိုက်ပဲခံသွားရမယ်"

စိုးလွင် ခါးဘေးတစ်ခြမ်းမှာ အောင့်ခနဲတောင် နေတယ်။ နှုတ်သွက်လျှာသွက်၊ နွမ်းနွမ်းပါးပါးရှိလှတဲ့ အသက်သုံးဆယ်ဝန်းကျင်မိန်းမတစ်ယောက်က စိုးလွင်ဘေးနားကနေ အတင်းရှေ့ကို တိုးဝင်လာတယ်။ ခါးကိုပါ တံတောင်နဲ့ တွက်ရုံမကဘူး၊ မျက်စောင်းတစ်ချက်နဲ့ပါ တွက်လိုက်သေးတဲ့ အဲဒီမိန်းမကို စိုးလွင် ရယ်ချင်သွားတယ်။

"ခါးပိုက်နှိုက်တော့ ကြောက်တယ်ဗျို့"

"မကြောက်လို့ ရမလားတော့။ ရှိရှိသမျှ ဖြုံခါပြာခါကျအောင်အကုန်နှိုက်တဲ့ဟာတွေ။ ကျုပ်တို့က ခံရပေါင်းများလှပြီ။ မရှိဆင်းရဲသားလည်း ရှောင်တာမဟုတ်ဘူး။ ပါတာလေးတွေ ပြောင်အောင်နှိုက်တာပဲ။ ရထားပေါ်မှာ သုံးလေးခါ ခံရဖူးပါတယ်တော်။ ပန်တော်ပန်းဝယ်ဖို့ တောင်ပိုက်ဆံမရှိတော့လို့ အရှင်နှစ်ပါးကို ဒီတိုင်းတိုင်တည်ပြန်ရတယ်။ အဖြစ်က..."

မစန်းစန်းခင်ကတော့ သူ့အကျင့် သူ့ဝသီအတိုင်း ခါးပိုက်နှိုက်



mgyoe.com

mgyoe.com



တစ်ယောက်လုံး ဘေးထားပြီး ပြောချင်ရာတွေကို တရစပ်ပြောတော့တယ်။ ဘေးက လူတွေအကုန်လုံးဟာ သူ့မိတ်ဟောင်း ကျွမ်းဟောင်းတွေ ကျနေတာပဲ။ ဘေးက လူတွေကတော့ အဝတ်အစား နွမ်းနွမ်းပါးပါးနဲ့ ပန်တော်ပန်း တစ်စည်းကိုင်ပြီး ဟောင်ဖွာ ဟောင်ဖွာ၊ အာကျယ် အကျယ် လုပ်ရင်း လူအုပ်ထဲ အတင်းတိုးဝင်နေတဲ့ မိန်းမကို အထင်သေး စိတ်ပျက်သလို ကြည့်ကြတယ်။

ဘယ်သူတွေကြည့်ကြည့် စန်းခင်တို့က အရေးမစိုက်ပြီ။ အရှင်နှစ်ပါးရှေ့ရောက်ဖို့သာ အဓိက။ မြန်မြန်ရောက်၊ မြန်မြန်ဆက်၊ မြန်မြန် ပန်းတော်ကျယ်။ အဲ ...ကြာကြာလေတော့ ဆုတောင်းပြီး ပြန်ရမယ်။ ကိုယ်က သည်မှာ မနက်စာ ထမင်းဝယ်စားနိုင်တာ မဟုတ်ဘူး။ ဘယ်မှလည်း လျှောက်ဝယ်ခြမ်းနိုင်တာလည်း မဟုတ်ဘူး။ ကိုယ့်ရိုးရာ ဆိုင်လို့သာ နှစ်တိုင်း အခစားဝင်ပါ့မယ်လို့ ကတိပေးထားလို့သာ ပိုက်ဆံ မရှိတဲ့ကြားက အရောက်လာခဲ့ရတယ်။

တကယ်ပြောတာပါ ဘုရား။ ကိုယ်တော်တို့နှမကြီး လိမ်မပြောပါဘူး။ အဂ္ဂါသမီးကြီးမှာ တစ်နှစ်ထက်တစ်နှစ် မွဲပြီးရင်း မွဲနေတော့တာပဲ ဘုရား။ ကိုယ်တော်တို့ရှေ့မှောက်ကိုလည်း မိသားစုအစုံအညီ ဝတ်ကောင်းစားလှတွေဝတ်၊ ဟိုတောင်းအေးတို့၊ လင်အေးတို့ဆိုတဲ့ ကားမျိုးကြီးတွေစီးပြီး ကိုယ်တော်တို့အတွက် ပုဆိုးအုပ်ထောင်ကျော် တန်တွေ၊ နိုင်ငံခြား မုန့်ပုံးတွေနဲ့ လာချင်လိုက်တာ ဘုရား။

ခုတော့ အဂ္ဂါသမီးကြီး ငွေအစိတ်နဲ့လာရတာ ဘုရား။ ငွေ



mgyoe.com

mgyoe.com



အစိတ် . . .။ ဘုရားစူးပါစေရဲ့။ ဆယ်တန်အနွမ်းတစ်ရွက်၊ ငါးကျပ်တန် နှစ်ရွက်နှင့် ကျပ်တန်အသစ်လေး ငါးရွက် လဲလာခဲ့တယ်။ ကလေးတွေနဲ့ သူတို့အဖေကို သည်နားလိုလို ဟိုနားလိုလို လုပ်ပြီး သူရဲဈေးဘူတာ ဘက်ထွက်၊ ရထားပေါ်တက်လိုက်လာခဲ့တာ။

ယောက်ျားလုပ်တဲ့သူ သိလို့ကတော့ တစ်ပွဲတစ်လမ်း အကဲစမ်း ရမှာဘုရား။ သူက သည်နှစ်သွားရင် သတ်မယ်လို့ ကြိမ်ထားတယ် ဘုရား။ ကောင်းတဲ့လူမဟုတ်ဘူး။ ကိုယ်တော်တို့ပေးသမျှ အဖတ်မတင် ရတာလည်း သူ့အပြစ်တွေပါတယ် ဘုရား။ ကိုယ်တော်တို့ မကြိုက်ဘူး ဆိုမှ တရုတ်အမဲကို စားတယ် ဘုရား။ အလကား၊ တရုတ်အမဲကို သူဝယ်စားနိုင်တာလည်း မဟုတ်ဘဲနဲ့ မယားကို ရွဲ့ချင်တာနဲ့ သူ့အပေါင်း အသင်းတွေဆီက ဟင်းတောင်းတောင်းလာပြီး စားပြတာဘုရား။ ကိုင်လိုက်စမ်းပါ ဘုရား။ မှတ်လောက်သားလောက်ဖြစ်အောင် ကိုင်တော် မူလိုက်ပါ။ အဲ . . . အသေတော့လည်း မကိုင်လိုက်ပါနဲ့ဦး ဘုရား။ နှမကြီး မုဆိုးမဘဝနဲ့ ဒင့်ကလေးတွေ လုပ်ကိုင်ကျွေးနေရလိမ့်မယ်။

နှမကြီးကို သည်နှစ်လည်း မနှစ်ကလို အိပ်မက်ပေးပြီး အတိတ် စိမ်းများ ပေးသနားတော်မူပါဘုရား။ မနှစ်က ကိုယ်တော်တို့ပေးလို့ နှမကြီး ထောင့်ငါးရာ ဈေးရင်းရတယ် ဘုရား။

ထောင့်ငါးရာဆိုတဲ့ ဈေးရင်းကလည်း ဘာကြာတုန်း ဘုရား။ ဆန်ဈေးနှိပ်စက်လိုက်တာ သည်ပါးစပ်ပေါက်တွေနဲ့ အရင်းပြုတ်တော့ တာပဲ။ နေ့ပြန်တိုး မိန်းမကို ပြန်ပြီး ရှိခိုးဦးတင် လုပ်ရတော့တာပေါ့



mgyoe.com

mgyoe.com



ဘုရား။

ကဲ ... ဘုရား၊ ကိုယ်တော်တို့လည်း နားငြီးတော်မူလှရော့မယ်။ နှမကြီးရင်ထဲမှာတော့ ပေါ့သွားပြီဘုရား။ တစ်နှစ်လုံးက အပူတွေ ကိုယ်တော်တို့ရှေ့မှောက်မှာ အန်လိုက်ရတာ ရင်ထဲကို ရှင်းလင်းပေါ့ သွားတာပဲ ဘုရား။ ကိုယ်တော်တို့တန်ခိုးပါ ဘုရား။ ကိုယ်တော်တို့ ဘုန်းပါ ဘုရား။ ဝအောင် ကျွေးတော်မူပါ။ တစ်နပ်စားဘဝကနေ နှစ်နပ်စားဘဝ ရောက်ပါစေ။ ချဲထီများ၊ နှစ်လုံးထီများ၊ သိန်းထီများ ပေါက်မယ့် နံပါတ်များကိုလည်း အိပ်မက်များ ပေးသနားတော်မူပါ။ နှမကြီး အပြန်လမ်းမှာ သူဌေးများ ကျကျန်ရစ်တဲ့ ရွှေထုပ်များ၊ ငွေထုပ်များကို ညွှန်တော်မူပါ ဘုရား၊ ပြတော်မူပါ ဘုရား။

ကိုယ်တော်နှစ်ပါး မျက်နှာတော်ကို တစိမ့်စိမ့်ဖူးရင်း ကိုယ်ပြော ချင်တာမှန်သမျှ တတွတ်တွတ် တိုင်တည်ချင်တိုင်း တိုင်တည်ပြီး မစန်းခင် လူအုပ်ကြားထဲကနေ ပြန်ထွက်တယ်။ ကိုယ်တော်တို့ ညွှန်တော်မူမယ့် ရွှေဆွဲကြိုးတို့၊ ငွေထုပ်တို့ကို လူအုပ်ကြားမှာ မျက်စိကစားရင်းပေါ့။ ဟော ... ကြည့်စမ်း၊ တွေ့တော့တွေ့သားနော်။ ရွှေဆွဲကြိုးကြီး၊ ရွှေ လက်ကောက်တွေ၊ စိန်နားကပ်ကြီး၊ လက်စွပ်ရောင်စုံတွေ၊ ဒါပေမဲ့ မစန်းခင် ကောက်လို့မရဘူး။ လူအုပ်ကြားက နန်းကြမ်းပြင်ပေါ်မှာ မဟုတ်ဘူး။ အဲဒါတွေက လူအုပ်ကြားက နန်းကြမ်းပြင်ပေါ်မှာ မဟုတ်ဘူး။ အဲဒါတွေက လူအုပ်ကြားက လူတစ်ယောက်ရဲ့ခန္ဓာကိုယ်ပေါ်မှာ၊ လူအုပ် ကြားထဲမှာ တအိအိရွေ့လာတဲ့ မိန်းမဝဝကြီးတစ်ယောက်ရဲ့ ခန္ဓာကိုယ်ပေါ်



mgyoe.com

mgyoe.com



မှာလေ။

အဲ ... အဲလို မိန်းမကြီးမျိုး နှမကြီးဖြစ်ချင်တာဘုရား။ ဝချင်သလောက် ဝစမ်းပါစေ။ စားချင်တာတွေ စားလို့ဝတာပဲဘုရား။ ဝဝခန့်ခန့်၊ အသားအရေကလည်း စိုစိုပြည်ပြည် ပါတိတ်ထဘီ ကိုရိုးကားရား ဆင်ကြီးတွေနဲ့လည်း လိုက်မှလိုက်၊ လည်ပင်းတုတ်တုတ်ကြီးမှာ လက်မလောက် ရွှေဆွဲကြိုးကြီးကို ချက်ပေါ်ရောက်အောင်ဆွဲ၊ လက်မောင်းအစ်အစ်တွေပေါ်မှာ ရွှေလက်ကောက်တွေ ဆင့်ကာဆင့်ကာဝတ်၊ ရောင်စုံကျောက်လက်စွပ်တွေကို လက်ချောင်းလေးတွေ ကျပ်အစ်နေအောင်ဝတ်၊ ရောင်စုံကျောက်လက်စွပ်တွေကို လက်ချောင်းလေးတွေ ကျစ်နေအောင် ဝတ်၊ နားရွက်နှစ်ဖက်ကလည်း လက်လက် လက်လက်၊ ဝင်းဝင်းနဲ့ ပါးနှစ်ဖက်က မိတ်ကပ်ရဲရဲနဲ့ ဟပ်လို့ကြည့်ပါဦး ဘုရား။

အဲဒီမိန်းမကြီးလက်က အိတ်ထဲမှာလည်း ကိုယ်တော်တို့ဆက်ဖို့ ဖောင်းတော်တွေ၊ ပုဆိုးအုပ်တွေနဲ့ဘုရား၊ နှမကြီးသာ ကိုယ်တော်တို့ဆီကို အဲဒီမိန်းမကြီးပုံစံမျိုးနဲ့လာရရင် သေပျော်ပါပြီဘုရား။ သေပျော်ပြီ။

သူ့နောက်ကလည်း အခြွေအရံတွေနဲ့ရယ်၊ အဲ ... မုန့်ပုံးတွေ၊ သစ်သီးသီးနှံတွေလည်း ပါသေးတယ်ဘုရား။ နှမကြီးကို အဲဒီမိန်းမကြီးလို လာရအောင် မြန်မြန်လုပ်ပေးတော်မူပါ။ မြန်မြန်လုပ်ပေးတော်မူပါ။

တိုင်တည်ပူဆာလို့ မဆုံးနိုင်သေးတဲ့ မစန်းခင်ရဲ့ဘေးနားကနေ မိန်းမဝဝကြီးအုပ်စု ဖြတ်သွားတယ်။ ပိုက်ဆံရှိသူတို့ရဲ့ ချွေးနံ့ကို မစန်းခင် ရှူပစ်လိုက်ရင်း မျက်လုံးနှစ်လုံး ကျွတ်ထွက်မခန်း ငေးမောကျန်ရစ်



mgyoe.com

mgyoe.com



ခဲ့တယ်။

သူ့ရင်ထဲမှာ ပူပင်စရာဆိုလို့ နှမ်းတစ်စေ့စာတောင်ရှိမှာ မဟုတ်ပါဘူးတော်လို့ မစန်းခင် ထင်နေတဲ့ မိန်းမဝဝကြီး ဒေါ်တင်မြဟန် ကတော့ ကိုယ်တော်တို့မျက်နှာမြင်တာနဲ့ မျက်ရည်ဝိုင်းစပြုပြီ။

သူ့ရင်ထဲက ဘယ်အပူနဲ့မှ မတူတဲ့ မန္တလေးတောင်လောက် အပူလုံးကြီးက အရည်ပျော်စပြုပြီ။

ပုဆိုးအုပ်တွေ၊ ဗောင်းတွေ၊ မုန့်ပုံးတွေ၊ သစ်သီးသစ်နှံတွေကို နန်းထိန်းတွေကတစ်ဆင့် ကိုယ်တော်တို့ဆီ ဆက်ပြီးတာနဲ့ ဒေါ်တင်မြဟန် လက်ကိုင်ပဝါလေးထုတ်ပြီ၊ နန်းထိန်းတွေ ဖော်ရွေနူတ်ဆက်နေတာ ကိုတောင် အများကြီး ပြန်မပြောနိုင်တော့ဘူး။

အားလုံး အဆင်ပြေတယ် မဟုတ်လား။ ပြေပါတယ်။ မနှစ်က ကိုယ်တော်တို့ တိုင်တားထားတဲ့ စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေ ရဲ့လား။ ပြေပါတယ်။ ပြေလို့ ကတိအတိုင်း ကိုယ်တော်တို့ဆီ လာဆက် တာပေါ့။ ပြေတယ်။ ပြေတယ်။ စီးပွားရေးကတော့ သိပ်အဆင်ပြေတယ်။

ကိုယ်တော်တို့ ဗောင်းတော်ကျနဲ့ ပန်တော်ကျကို ဆောင်းပြီး လုပ်လိုက်တာ လုပ်ငန်းမှန်သမျှ အဆင်ပြေသလားလို့ မမေးနဲ့။ ငွေက ဝင်သလားလို့ မမေးနဲ့။ ယောက်ျားဖြစ်တဲ့သူ ဘာကြီးဖြစ်ဖြစ် မိန်းမ မတတ်ရင် အဆင်မပြေဘူးမှတ်ပါ။ ကိုယ်တော်တို့သာ မ မရင် မပြောနိုင်ဘူး မှတ်ပါ။

မိန်းမလုပ်တဲ့သူက ကိုယ်တော်တို့ ဘုန်းတန်ခိုး အရှိန်အဝါနဲ့



mgyoe.com

mgyoe.com



စီးပွားရေးတွေ ကောင်းပြီး ငွေတွေဝင်၊ တိုက်တွေဝင်၊ ကားတွေဝင်၊ မြေတွေဝင်နဲ့ အဆင်လည်းပြေရော အိမ်ထောင်ရေးက အဆင်မပြေတော့ဘူး ဘုရား ။ အဆင်မပြေတော့ဘူး။

ဒေါ်တင်မြဟန်က လက်ကိုင်ပဝါ မွှေးမွှေးလေးနဲ့ မှိတ်ထားတဲ့ မျက်လုံးအိမ်ထောင့်စွန်းကို အသာအယာတို့တယ်။ တို့လိုက်တဲ့ ခဏမှာ ခန္ဓာကိုယ်ပေါ်က အရောင်တွေက တဖျတ်ဖျတ် ပြိုးပြက်ကြပြီး ဒေါ်တင်မြဟန် လက်အုပ်ချီပြီး ပြန်ငြိမ်သွားတဲ့အခါမှာတော့ အရောင်လက်လက်တွေလည်း ငြိမ်သွားကြပြန်တယ်။

နှမကြီးရင်ထဲက အပူကို ကိုယ်တော်တို့ သိနေမှာပါဘုရား။ အခု သူ ...သူ ကိုယ်တော်တို့ညီဖွား အငယ်အနှောင်းထားတယ် ဘုရား။ မယားငယ်လေးနဲ့ဘုရား။

အိမ်က အကြီးဆုံးသမီးထက်တောင် ငယ်သေးတယ် ဘုရား။ ကောင်းကြရော့လား။

အလုပ်ဝင်စတုန်းကတော့ အရက်တောင် အနံ့မခံ၊ မိန်းမဆိုဝေး၊ အကြံအဖန်ဆိုတာလည်း မတတ်နဲ့ လူရိုးကြီးလေ။ ခုတော့ဖြင့် ပညာစုံတတ်ပြီ။ ညနေတိုင်း ဝီစကီလေးတမြမြနဲ့ ထွေတာနဲ့ မယားငယ်အိမ်သွားပြီ။ အမယ်လေး ... အိမ်တစ်ဆောင် မီးတပြောင်ထားတာဘုရား။

တီဗီတွေ ဘာတွေနဲ့ ဘုရား။

နှမကြီး စကားလည်း နားမဝင်တော့ဘူး။ သားသမီးတွေ



mgyoe.com

mgyoe.com



စကားလည်း နားမဝင်တော့ပါဘူး ဘုရား။ သည်တော့ နှမကြီးက ကိုယ်တော်တို့နဲ့ တိုင်တည်မယ်။ ကိုယ်တော်တို့ မကြိုက်တဲ့ အလုပ်တွေ လုပ်တယ်ဆိုတော့ အရင်ကိုယ်တော်တို့ကို အင်မတန်ကြောက်တဲ့ ကိုယ်တော်တို့ညီဖွားလေ (ဆေးတွေ ဘာတွေ ခတ်ခံထားရတာလည်း ပါမှာပေါ့ဘုရား) ဘာပြောတယ် မှတ်လဲ။ ရွှေနားတင်တော်မူပါဘုရား။

သူလုပ်တဲ့ အလုပ်တွေက ကိုယ်တော်တို့ကြိုက်တဲ့ အလုပ်တွေတဲ့ဘုရား။ မိုက်ရိုင်းပုံက ဘုရား။ ကိုယ်တော်တို့လည်း အရက်သောက်တာပဲ။ မောင်းမတွေလည်း အများကြီးတဲ့ ဘုရား။ အရက်မသောက်တော့တဲ ကိုယ်တော်တို့ ဥပုသ်ဆောင်ဝင်သွားပြီ ဆိုတာလည်း နားမလည်၊ ကိုယ်တော်တို့မှီ မောင်းမများရတယ်ဆိုတာလည်း မသိ။ မပြောလိုက်ချင်ဘူး။ ကိုယ်တော်တို့မှီ မောင်းမများတာ၊ နင်က ဘာကောင်မို့လို့ လဲလို့။

ကြည့်မနေတော်မူပါနဲ့ ဘုရား။ မတိုင်းအပ်ဘဲ ကိုယ်တော်တို့ ခြေရာတိုင်းတာ ကြည့်မနေတော်မူပါနဲ့၊ ကိုယ်တော်တို့ ခြေအစုံမှာ မျက်နှာအပ်ပြီး ဦးခိုက်တောင်းပန်ရအောင် ခေါ်တော်မူပါ။

တစ်ခါတည်းကိုယ်တော်တို့ ညီဖွားစိတ်တွေ လည်ပြီး နောင်တတရားတွေရပြီး မယားငယ်ကို ကွဲချင် ကွာချင်စိတ်တွေဖြစ်အောင် လုပ်ပေးတော်မူပါ။ တစ်လက်စတည်းနဲ့လည်း သတင်းသဲ့သဲ့ကြားနေရတဲ့ ကိုယ်တော့်ညီဖွား အပြောင်းအရွှေ့ကိုလည်း တားပေးတော်မူပါ။

ပြောင်းရင် ရွှေ့ရင် နှမကြီးမှာ စီးပွားရေးလုပ်ငန်းတွေ တိုးလိုး



mgyoe.com

mgyoe.com



တန်းလန်းနဲ့ သူ့နောက် မလိုက်နိုင်၊ မပြုနိုင်၊ အကုန်ဒုက္ခဖြစ်ကုန်မှာ ဘုရား့။ သူက တကယ်လို့ ပြောင်းရွှေ့ရရင် နှမကြီးကိုနေခဲ့တဲ့ လုပ်ငန်းကိုင်ငန်းတွေ အခြေပျက်မယ်တဲ့။ အမယ်လေး.. ဒီက မသိဘူးများ မှတ်လို့လား။ သူ့ဟာမကို ခေါ်သွားမှာ ဘုရား့။ သူ့ဟာမကို ခေါ်သွားမှာ။

သူ့မှာ အဲဒီအောက်တန်းစား ကလေကလွင့်မကို အရေးပေးလိုက်ရတာ။ မြှောက်စားလိုက်ရတာ။ တပည့်တော်မက သူရာထူးကြီးကြီး တစ်ဆင့်တက်တုန်းက တခြားကတော်တွေလို ကိုယ့်နာမည်နောက်က ကိုယ့်ယောကျ်ားနာမည်တစ်လုံးထည့်ပြီး တင်မြဟန်လို့ နာမည်ပြောင်းတုန်းကများ ရှက်လို့တဲ့။ ရှက်စရာကြီးကွာ၊ ကလေးကလား အလုပ်တွေ မလုပ်စမ်းပါနဲ့တဲ့။

ခုတော့ သူ့ဟာမကျတော့ သူ့နာမည်တစ်လုံးတောင် မကဘူး။ နှစ်လုံးစလုံးထည့်ပြီး သူကိုယ်တိုင် နာမည်ပြောင်းသတဲ့။

နာပါတယ် ဘုရား့၊ နာပါတယ်။ ရင်ထဲဝမ်းထဲ နာလွန်းလို့ပါ ဘုရား့။ သင်း ရာထူးပေါက်စတုန်းက သားသမီးတွေနဲ့ မိတင်မြ အငတ်ခံရတာဟွေ့၊ သင်း ရာထူးတက်ဖို့ မိတင်မြ လက်ဝတ်လက်စားတွေ ကုန်တာတွေ တွေးရင် နာစရာကြီးပါ ဘုရား့။

ကိုယ်တော်တို့ ကယ်မှ ဒီအပူငြိမ်းမှာပါ။ နှမကြီးအပူကို ငြိမ်းပေးတော်မူပါ။ ကိုယ်တော်တို့ ညီဖွားလည်း မယားငယ်နဲ့ကွဲ၊ အပြောင်းရွှေ့လည်း မရှိ၊ သားတွေ၊ သမီးတွေ စားမေးပွဲအောင်၊ လုပ်ငန်းကိုင်ငန်းတွေလည်း ဆတက်ထမ်းပိုးတိုးလို့ အောင်မြင်ပြီး နှမကြီး အပူတွေ



mgyoe.com

mgyoe.com



အားလုံးငြိမ်းခဲ့ရင် ကိုယ်တော်တို့အတွက် ပျော်ပွဲများ အကြီးအကျယ် ပေးပါ့မယ် ဘုရာ့။

သုံးရက်ကနားနဲ့ အကြီးကျယ်ဆုံး ပျော်ပွဲများ ကျင်းပပါ့မယ် ဘုရာ့။

ဒေါ်တင်မြဟန် ဖြည်းဖြည်းချင်း မျက်စိဖွင့်လိုက်တယ်။ မသိမသာ မဆိုစလောက် လျော့ပါးသွားတဲ့ ရင်ထဲက အပူလုံးကြီးကို သယ်ဆောင်ရင်း မတ်တတ်ရပ်ဖို့ ကြိုးစားတော့ ဘေးနားက အခြွေအရံတွေက ပျာပျာသလဲ တွဲထူလိုက်ကြတယ်။

ဝလွန်းတဲ့ ခန္ဓာကိုယ်ကြောင့် ရှတ်တရက် အထိုင်အထဆိုလူတွဲမှ ထိုင်ရာက ထပြီးရင်လည်း ရှတ်တရက် လမ်းမလျှောက်နိုင်ဘူး။ ခဏရပ်နေပြီးမှ ဖြည်းဖြည်းလျှောက်ရတယ်။ သွေးတိုးကလည်း ရှိနေပြီ။ အငန်ဆိုတာ ဘာမှမစားရဘူး။ ချမ်းသာတော့မှ ငါးရံ့ခြောက်ကို မစားရတဲ့အဖြစ်။

ကိုယ်တော်တို့ကို ကိုယ့်ရောဂါအကြောင်း တိုင်တည်ဖို့တောင် မေ့နေတယ်။ သွေးတိုးကနေ ဆီးချိုတို့၊ နှလုံးတို့မဖြစ်အောင် တားတော်မူပါဘုရာ့။ စိတ်ချမ်းချမ်းသာသာနဲ့ အသက်ရာကျော် ရှည်ပါရစေဦး။

အခြွေအရံတွေ တွဲထားတဲ့ မတ်တတ်ကနေ ဒေါ်တင်မြဟန် လက်အုပ်ချီပြန်တယ်။

လက်အုပ်ချီရင်းကနေ မဆုံးနိုင်တဲ့ဆုတွေကို တတွတ်တွတ်



mgyoe.com

mgyoe.com



ရွတ်ရင်း ဖြည်းဖြည်းလျှောက်ပြီး နန်းကြီးထဲကနေ ထွက်တယ်။

နန်းကြီးထဲမှာ များစွာသော မိန်းမ၊ ယောကျ်ား၊ မိန်းမလျာတွေဟာ ပန်တော်ပန်းကိုယ်စီနဲ့ ဒေါ်တင်မြဟန်လို မျက်စိစုံမှိတ်တတွတ်တွတ် ရွတ်ကြတုန်း။

နောက်ထပ် တတွတ်တွတ်ရွတ်မယ့် ယောကျ်ား၊ မိန်းမလူပေါင်းများစွာကလည်း ပန်တော်ပန်းကိုယ်စီနဲ့ နန်းကြီးပေါ်ကို အလုအယက် တိုးဝှေ့တက်လာကြပြီ။



mgyoe.com

mgyoe.com

# ညညီလာခံ

## ဝါခေါင်လဆန်း (၁၀) ရက်



mgyoe.com

mgyoe.com



နေ့လယ် နာရီပြန်နှစ်ချက်၊ ဝါခေါင် နေပူပူအောက် တောင်ပြုန်း ပွဲလာတွေ နန်းကြီးတစ်ဝိုက်မှာ ဈေးသံရွှဲရွှဲနဲ့ တိုးဝှေ့နေကြတယ်။ နန်း ကြီးမှာတော့ ညီလာခံစဖို့ အဆင်သင့်ဖြစ်နေပြီ။

တောင်ပြုန်းမင်းနှစ်ပါး ကိုယ်တော်ကြီး ကိုယ်တော်လေးတို့ရဲ့ ပုံတော်ရှေ့အလယ်တည့်တည့်နေရာမှာ နတ်အုပ်မင်းက ထိုင်နေတယ်။

နတ်အုပ်မင်းရဲ့ နောက်နှစ်တန်းမှာတော့ ရှေ့တန်းမှာ တောင်လက်မိဖုရားကြီးနှစ်ပါး၊ မြောက်လက်မိဖုရားကြီးနှစ်ပါး ထိုင်နေ တော်မူတယ်။ မိဖုရားကြီးတွေက အိုလှရှာကြပြီ၊ ရှစ်ဆယ်ကျော် ကိုးဆယ် အတွင်း ရောက်ကုန်ကြပြီ။ ဒါပေမဲ့ ဘယ်လောက်ပဲ အသက်အရွယ် ကြီးကြီး တောင်ပြုန်းချိန်မှာတော့ မပျက်မကွက်လာရမြဲပဲ။

မိဖုရားကြီးတွေရဲ့နောက်တန်းမှာ ထိုင်ရတဲ့သူတွေကတော့ တောင်လက် ဗောင်းဆောင်းနဲ့ မြောက်လက် ဗောင်းဆောင်း။

သူတို့တွေရဲ့ရှေ့တန်းမှာ ဒူးတုပ်ပြီး ညီလာခံ ခစားကြမယ့် သူတွေကတော့ အတွင်းတော်မှာ အရေးကြီးတဲ့ နန်းထိန်းများ ဦးဆောင်ပြီး



mgyoe.com

mgyoe.com



တစ်ပြည်လုံးက နတ်နေကြီး နတ်ဝါကြီးတွေနဲ့ နတ်သားသမီးတွေပေါ့။

ညီလာခံနေ့ဆိုတာဟာ ကျေးဇူးရှင် အမှုတော်ထမ်း အမှုထမ်း၊ အရာထမ်းများဖြစ်ကြတဲ့ သိုးဆောင်းမိဖုရားကြီးလေးပါးနဲ့ ဗောင်းများ။ ရွှေဓားကိုင်၊ ရွှေဓားထမ်းများ၊ မောင်းတော်တီးစတဲ့ သိုင်းကိုင်၊ ကျိုင်းကိုင်များက မင်းနှစ်ပါးကို ကန်တော့တဲ့ပွဲ၊ ကန်တော့တဲ့နေ့ပဲ။ အဆောင်ကိုင်တက်တယ်လို့လည်း ခေါ်တယ်။ အဲဒီနေ့ကို အဆောင်ကိုင်နေ့လို့လည်း ခေါ်တယ်။

ညီလာခံမှာ အရေးကြီးတဲ့ဆုတောင်းတွေ၊ အမိန့်ဒွာန်တွေ ပြုကြမယ်။ နတ်အုပ်မင်း ဦးဆောင်ပြီးတော့ မိဖုရားကြီးတွေ၊ ဗောင်းဆောင်းတွေ နတ်ကြီးကောက်ကြမယ်။ အစောဆုံး နတ်ဖြစ်တယ်လို့ ယူဆတဲ့ အိမ်တွင်းခုနစ်ပါး နတ်ကြီးတွေကို ပင့်ဖိတ်ကြတာပေါ့။

ပြီးတော့ တောင်ပြုန်း ရွှေနန်းတော်ကြီး ထုံးစံအတိုင်း ''လေ့ထေးခြင်း''၊ ''ယုန်ထိုးခြင်း'' တွေလုပ်ပြီး မင်းနှစ်ပါးကို ချော့ကြမယ်။ ပခန်းမင်းကို ပင့်ကြမယ်။ သိုးဆောင်း၊ ဗောင်းဆောင်းတွေ ကြက်လောင်းကြမယ်၊ ဒိုးဆွဲကြမယ်။

နန်းတော်ကြီးရဲ့ အစဉ်အလာအတိုင်း မျိုးရိုးအလိုက် အတီးတော်ဆက်ခဲ့ရတဲ့ နန်းကြီးဆိုင်းကလည်း အဆင်သင့်ဖြစ်နေပြီ။ နန်းကြီးပေါ်က နန်းကြီးဆိုင်း မတီးမချင်း ပွဲတော်တွင်းက ဘယ်ဝိုင်းမှ ဗုံလေးတစ်လုံး၊ မောင်းလေးတစ်လုံးတောင် အသံမပြည်ရဲဘူး။ နန်းကြီးဆိုင်း တီးပြီးမှ အားလုံးတီးကြရတယ်။



mgyoe.com

mgyoe.com



ဒါတောင် ဒီညီလာခံနေ့မှာ နန်းကြီးဆိုင်းတီးပေမဲ့ ပွဲတော်တွင်းက ဆိုင်းတွေ လိုက်မတီးရသေးဘူး။ နောက်တစ်နေ့ ဝါခေါင်လဆန်း ဆယ့်တစ်ရက် မင်းနှစ်ပါးချီးရေတော်သုံးပြီး နန်းပေါ်ပြန်ရောက်မှ ပွဲတော်တွင်း ဆိုင်းတွေ တီးကြရတယ်။

ပွဲတော်တွင်းက ဆိုင်းတွေတင်မှ မဟုတ်ဘူး။ ပွဲတော်မှာ ကမယ့် ဇာတ်တွေက ဆိုင်းတွေလည်း ချီးရေတော်သုံးပြီး ညကျမှ စတီးပြီး စကကြရတယ်။ ဒါ အစဉ်အလာပဲ။

ဒီအစဉ်အလာကို ဘယ်ဆိုင်းသမား ချိုးဖောက်ရဲသလဲ။

ဘယ်ဇာတ်သမား ချိုးဖောက်ရဲသလဲ။

ချိုးဖောက်မိလို့ ဘဝပျက်သွားတဲ့ဇာတ်သမား၊ ဆိုင်းသမားတွေရဲ့ ဇာတ်လမ်းတွေကို တောင်ပြုန်းတစ်ခွင်က နယ်ခံတွေနဲ့ နတ်ကတော်တွေက ပြောပြကြလိမ့်မယ်။

ညနေ သုံးနာရီ ထိုးတော့မယ်။ ညီလာခံ စတော့မယ်။

နန်းကြီးဆိုင်းရဲ့ ရှာစားက ပထမဆုံး စတင်တီးရမယ့် ပတ်လုံးဖုံကလေးပေါ်ကို အသာအယာ လက်တင်လို့ အသင့်ပြင်တယ်။

သုံးနာရီတိတိ ထိုးတဲ့အချိန်မှာတော့ နန်းကြီးဆိုင်းရဲ့ ရှာစားဟာ ပတ်လုံးဖုံကလေးပေါ်မှာ အသာအယာ တင်ထားတဲ့ သူ့လက်ကို အဆက်မပြတ် လှုပ်ရှားလိုက်တော့တယ်။ အချက်ကျကျ တီးခတ်ထွက်ပေါ်လာတဲ့ ဖုံသံဟာ ကြည်နူးဖွယ်၊ လွမ်းဖွယ်၊ စိတ်လှုပ်ရှားဖွယ်ကောင်းစွာနဲ့ တောင်ပြုန်းပွဲတော်တစ်ခွင်လုံးကို ဖမ်းစားလွှမ်းခြုံလိုက်ပါပြီ။



mgyoe.com

mgyoe.com



ဗုံသံထွက်ပေါ်လာတာနဲ့ ကြားကြားသမျှ ပရိသတ်နဲ့ ကနားတဲ တွေပေါ်က နတ်ကတော်တွေ အားလုံးဟာ လုပ်လက်စ အလုပ်တွေကို ချက်ချင်းရပ်ပြီး တစ်ပြိုင်နက် လက်အုပ်ကလေးတွေ ချီလိုက်ကြတယ်။

နန်းကြီးပေါ်က ညီလာခံကို ဦးတိုက်ရည်မှန်းပြီး လက်အုပ်ကလေးတွေ ကိုယ်စီချီလိုက်ကြပါတယ်။

"ဘုရား ရတနာ၊ တရားရတနာ၊ သံဃာ ရတနာ ရတနာသုံးပါးအမြဲတ်ဆုံးထားလို့ ဘုန်းရှင် ကံရှင် သမ္ဘာရှင် အရှင်သခင် ဘုရင်တောင်ပြုန်းမင်းနှစ်ပါးအား ကျေးတော်မျိုး ကျွန်တော်မျိုး ရှိသေစွာ ရှိခိုးကန်တော့ပါတယ် ဘုရား။ ဘိုးဘိုးကြီး၊ ဘိုးဘိုးလေးတို့ ခြေတော်ရင်းမှာ ဦးခိုက်ပါတယ် ဘုရား။

ကျေးတော်မျိုး ကျွန်တော်မျိုး မသိမဝ့က် မစုမဆောင်းနဲ့ ထားခဲ့သော လက်ဝတ်တန်ဆာ ရတနာများကိုလည်း ဘိုးဘိုးကြီး၊ ဘိုးဘိုးလေးတို့ကို ရည်စူးပြီး မဟာမြတ်မုနိ ဘုရားကြီးကို လှူမလို့ပါဘုရား။ အမျှ အမျှ အမျှ အမျှပေးဝေပါတယ်။ ဆယ်ဆ၊ ဆယ်ထမ်းပိုးတိုးတဲ့ ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ ရဟန်းဒါယကာ ဖြစ်ပါရစေ။ လောကီကမ်းခြေမှ လောကုတ္တရာကမ်းခြေသို့ မလွတ်မြောက်မီ စပ်ကြားစကြဝတေးမင်း၊ သီရိဓမ္မာသောကမင်းကြီးတို့လို ဘုန်းသမ္ဘာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်၊ တရားထူး၊ တရားမြတ် ကျင့်ကြံအားထုတ်နိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ပါရစေပါ ဘိုးဘိုး။



mgyoe.com

mgyoe.com



ဘိုးဘိုးတို့ပါရမီလည်း မှန်လှပါ။ ဖြည့်နိုင်တဲ့ကျေးတော်မျိုး ကျွန်တော်မျိုး ဖြစ်ပါရစေ။ ဘုန်းရိပ်ကံရိပ်ခိုလှုံသော တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ သားသမီး မှမကျန် ခုနစ်ရက်သားသမီးအပေါင်းလည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာ နဲ့ ရှေ့လာမယ့် နှစ်တိုင်း နှစ်တိုင်းမှာ သာယာမှုနဲ့ သာသနာပြုပြီး ဘိုးဘိုးတို့ပါရမီကို ဖြည့်နိုင်ပါရစေ။ ဘိုးဘိုးတို့ သိတော်မူတဲ့အတိုင်းပါ ဘုရား အရက်လည်း မသောက်ပါဘူး။ သူများသားမယားလည်း မဖျက်ဆီး ပါဘူး။ မတရား အရက်တိုက်ပြီးတော့လည်း မတောင်းပါဘူး။ ကျေးတော် မျိုး ကျွန်တော်မျိုး အာဏာစက်ပေးပါ။ အာဏာနီ လျှာနနီပေးတော်မူပါ ဘုရား''

ပွင့်ပွင့်လင်းလင်း ဘွင်းဘွင်းရှင်းရှင်းရှိလှတဲ့ ရှိခိုးကန်တော့ ဆုတောင်းသံဟာ နန်းကြီးနဲ့ မနီးမဝေး အိမ်ခြံဝင်းတစ်ခုထဲက နှစ်ထပ် အိမ်ပေါ်ကနေ ထွက်ပေါ်လာတယ်။ နှစ်ထပ်အိမ်ပေါ်ရဲ့ အိမ်ရှေ့ခန်း တစ်ခုလုံးကို ကတ္တီပါအနားကွပ် သင်ဖြူးအသစ်ကြီးတွေ အပြည့်ခင်း ထားတယ်။ အိမ်ဦးခန်းမှာတော့ အနီရောင်ကော်ဇောတစ်ချပ်ကို ထပ်ခင်း ထားတဲ့ပြင် ကော်ဇောရှေ့က စင်မြင့်လေး သုံးဆင့်ပေါ်မှာတော့ ယိုးဒယား မုန့်ပုံးမျိုးစုံ၊ နိုင်ငံခြားမုန့်ထုပ်မျိုးစုံ၊ သစ်သီးမျိုးစုံနဲ့ ဖောင်းတော်ပဝါတွေ၊ အဖိုးတန် ပုဆိုးအုပ်တွေကို စီစီရီရီ တင်ထားတယ်။

အပေါ်ဆုံးစင်မြင့်ရဲ့ အလယ်ကောင်မှာ ရွှေရောင်ကနုတ်ပန်း တွေ စီခြယ်မွမ်းမံထားတဲ့ ရွှေကလပ်ပေါ်က ကန်တော့ခံဖောင်းကြီးက



mgyoe.com

mgyoe.com



လွဲရင် နတ်ပုံတော်ဆိုလို့ တစ်ခုတလေမှမရှိဘူး။

စင်မြင့်သုံးဆင့်ရဲ့ အပေါ်ဘက်မှာတော့ မီးရောင်စုံ ထွန်းညှိ ပူဇော်ထားပြီး သစ္စာပန်းတွေ ဝေဆာနေတဲ့ ဘုရားဆောင်ရှိတယ်။ အသက်ငါးဆယ်ကျော်၊ ခန္ဓာကိုယ် မပိန်မဝ သွယ်လျလျနဲ့ အသားဖြူဖြူ မိတ်ကပ်လေးစစ လိမ်းကျံထားပြီး ကော်ဇောနီပေါ်မှာ ချောမောလှပ ခန့်ညားစွာ လက်အုပ်ချီထားသူဟာ တခြား ဟုတ်ပါရိုးလား။

နတ်နေကြီး၊ နတ်ဝါကြီး၊ နတ်လူကြီးဘွဲ့ဖြစ်တဲ့ ရတနာ့ဂူ ဗောင်းရထားတဲ့ ဗောင်းဆောင်းကြီး ဦးဘစိ (ခေါ်) နာမည်ကျော် ဒေစီကျိန်း ပဲပေါ့။

လက်အုပ်ချီမျက်စိမှိတ်ထားရာကနေ မျက်လုံးဖွင့်လိုက်တာနဲ့ သင်ဖြူးတွေပေါ်မှာ ဒူးလေးတွေတုပ်ပြီး ကျုံ့ကျုံ့လေးတွေ ရှိနေကြတဲ့ ဒေစီကျိန်းရဲ့ နတ်တပည့်၊ နတ်သားသမီး နတ်ချစ်သူတွေကို တွေ့လိုက်ရ တော့တယ်။

ဒေစီကျိန်းက ဖော်ဖော်ရွှေရွှေ ပြုံးလိုက်တယ်။

"ဪ ... ရောက်ကြပလား၊ ရန်ကုန်က ဘယ်နေ့ကထွက်ခဲ့ ကြလဲ။ ပြောစမ်း၊ ဘယ်တွေ သဝေထိုးနေကြသေးလဲ။ ညီလာခံအမီ တော့ရောက်တယ်ပေါ့။ ဟုတ်ကဲ့လား၊ အေး ... ရောက်မှ ရောက်မှ။ ကိုယ်တော်တို့ ညီလာခံကန်တော့အမီ ရောက်မှပေါ့။ ကန်တော့ကြ၊ ဆုတောင်းကြပေါ့။ တောင်းကြရဲ့ မဟုတ်လား။ ဒီကလည်း အားလုံး ခုနစ်ရက် သားသမီးအတွက် တောင်းလိုက်ပါပြီ။ ခုနက ကြားလိုက်ကြ



mgyoe.com

mgyoe.com



သေးလား။ ကဲ ... လာ ... ရှေ့တိုး၊ ဒါက ဘာတုံး''

ဒေစီဂျိန်းက ရှေ့တိုးလာတဲ့ အမျိုးသမီးကြီးလက်ထဲက စက္ကူအိတ်ကို လှမ်းယူလိုက်တယ်။

''ဩော် ... မောင်းတော်ပေ့ါ။ အေး ... မောင်းပဝါဆက်တဲ့ အကျိုးကြောင့် ကောင်းတာဘက်ကို ဒီကနေ့ကစ တိုးပြီး ရောက်ရစေ့ မယ်ဟေ့။ ကဲ ... ကျေနပ်ပလား''

''အင်္ဂါသမီးလေး ဆယ်တန်းနှစ်ချင်းပေါက် ဂုဏ်ထူးတွေနဲ့ အောင်ဖို့ ဆုတောင်းပေးပါဦး''

''ကဲ ... အင်္ဂါသမီးလေး ဘုရား''

မောင်းပဝါကို နဖူးထိပ်မှာကပ်ရင်း ဒေစီဂျိန်း တတွတ်တွတ် ရွတ်တာကို အမျိုးသမီးကြီးက လက်အုပ်ချီရင်း မျက်လုံးတွေမှိတ်ထား တယ်။ တစ်ကိုယ်လုံးက အရောင်တလက်လက် ထွက်နေတဲ့ အမျိုးသမီး ကြီးလိုပဲ တောက်ပဝင်းလက်နေကြတဲ့ တခြားရန်ကုန်သူ အမျိုးသမီး ကြီးတွေကလည်း ဒေစီဂျိန်းကို ပိုက်ဆံအရွက်ကြီးတွေ ဆက်ကြတယ်။

''မှန်လှပါဘုရား၊ ကျွေးလိုက်ပါ၊ မွေးလိုက်ပါဘုရား။ ဆင်လိုက် ပါ၊ ပြင်လိုက်ပါ ဘုရား၊ သားတွေ၊ သမီးတွေကို ဝအောင်လည်း ကျွေး လိုက်ပါ၊ လှအောင်လည်း ဆင်လိုက်ပါဘုရား၊ စီးပွားလာဘ်လာဘများ လည်း ဒီရေအလားတိုးလို့ နှစ်စဉ်နှစ်တိုင်းလည်း အခစားဝင်နိုင်အောင် ခေါ်တော်မူပါဘုရာ့၊ သွားလမ်း လာလမ်း ပြန်လမ်း ခလုတ်မထိ ဆူးမငြိ ဘေးရန်ကင်းအောင် စောင့်ရှောက်တော်မူပါ ဘုရား''



mgyoe.com

mgyoe.com



ဆုတောင်းပြီးတာနဲ့ နဖူးမှာကပ်ထားတဲ့ပိုက်ဆံတွေကို ဒေစီကျိန်းက စင်မြင့်ပေါ်က ဗောင်းတော်မှာ သွားညှပ်တယ်။

''ကဲ ... ကဲ ... ဒီမှာကြည့်ကြဦး၊ သာဓုခေါ်ကြဦး၊ ဟောဒီ ဗောင်းတော်ထိပ်က ရွှေဖူးနဲ့ ဒီက လက်ပတ်ကြိုးရယ်၊ လက်စွပ်ရယ်၊ ဆွဲကြိုးရယ် အားလုံး နှစ်ကျပ်သားကျော်တယ်။ ပွဲပြီးရင် ကိုယ်တော်တို့ ရည်စူးပြီး မဟာမြတ်မုနိမှာ လှူမယ်။ နတ်သားသမီးတွေအားလုံးရဲ့ ကုသိုလ်လည်း ပါတယ်။ သာဓုခေါ်ကြ၊ အမျှ ... အမျှ ... အမျှ''

''သာဓု ... သာဓု ... သာဓု ...''

''ကဲ ... ထမင်းစားပြီးခဲ့ကြပလား။ မစားရသေးရင် အားမနာနဲ့။ အောက်ထပ်မှာ သွားစားချည်ကြ။ ဒီနေ့ ဘာဟင်းပါလိမ့်။ ဟင်းက တော့အများစားပေါ့။ ဟဲ့ ... အဖုံကြီးရေ၊ ညှော်သည်တွေ ထမင်းစား လိမ့်မယ်ဟေ့။ သွား ... သွား၊ ဘာမှအားနာမနေနဲ့ သွားစားကြ''

''နေပါဦး ဒေစီကျိန်းရဲ့။ သားတော်မောင် သဘော်လိုက်ဖို့ ရမရ သိချင်သေးတယ်''

''ဟုတ်တယ်၊ အိမ်ကလူ အပြောင်းအရွှေ့လေးများလည်း ဟောချက်ချစမ်းပါဦး''

''ကဲ ... ကဲ ... ကဲ ... အားလုံးအောင်စေ၊ အားလုံး ဖြစ်စေ၊ ဟုတ်ရဲ့လား။ အမယ်လေး ဒီက တစ်ခါတည်း ဆုတောင်းပြီးသား မေတ္တာ ပို့ပြီးသား။ ဘာမှမပူနဲ့။ စိတ်ချ၊ သွား ... သွား ... ထမင်း သွားစားချည်''



mgyoe.com

mgyoe.com



အရောင်လက်လက် မိန်းမအုပ်စု အောက်ဆင်းသွားတာနဲ့ ဒေစီဂျိန်းက ရင်ဘတ်ကို လက်နဲ့ဖိပြီး ဟင်းခနဲနေအောင် သက်ပြင်းကို ချတယ်။ ပြီးတော့ ရေခွေးပန်းထဲက ရေနွေးတစ်ခွက်ကို မော့သောက်ချလိုက်ပြီး ကော်ဖောပေါ်က ကြိမ်ခေါင်းအုံးလေးပေါ်မှာ လှဲချလိုက်တယ်။

မောတယ်၊ မောတယ်၊ အဟုတ်ပဲ။ သနပ်ခါး ပန်းမန်လိမ်း၊ အဝတ်အစား ကြော့ကြော့ဝတ် ထိုင်ပြီး စကာပြောနေရတာများ မောသေးလားလို့ဘေးက ထင်ကြမယ်။ အမယ်လေး ... စကားပြောရတာများ မမောဘူး မထင်နဲ့။ စဉ်စားကြည့်။ မနက်လင်းပါပြီဆိုကတည်းက ပြောလိုက်ရတဲ့စကားတွေ အမြှုပ်တစီစီတောင် ထွက်လောက်တယ်။ ဟဲ့ ... အဲဒီတော့ ညည်းပိုက်ဆံမရဘူးလား။ အမြှုပ်ထွက်လေ ပိုက်ဆံရလေ မဟုတ်လားဟဲ့လို့ ပြောကြမယ်။ ရမှန်းသိသားပဲ။ ပိုက်ဆံရမှန်းသိသားပဲ။ ဒါပေမဲ့ သိတယ်မဟုတ်လား။ ဒေစီဂျိန်းတဲ့၊ ကိုယ်မလုပ်ချင်ဘူးဆို လုံးဝ လုံးဝ မလုပ်ဘူးမှတ်။ အို ... အဟုတ်ပြောတာ။ မလုပ်ချင်တော့ဘူးဆို ဒေစီဂျိန်းတို့က နတ်ပူးနေရင်တောင် ဝုန်းဆိုထွက်ပြီး လှဲအိပ်ပစ်လိုက်တာ။ ဂျိန်းစဘွန်းမအကြောင်း သိတယ် မဟုတ်လား။

ဒါတောင် အသက်ကြီးလာလို့။ ခုနက ဟာမတွေလိုမျိုး ကိုယ်မောနေပါတယ်ဆိုမှ ဟောပါဦး။ ပြောပါဦးနဲ့ တညီညီလုပ်နေတာမျိုး ငယ်ငယ်တုန်းက စိတ်ဆိုရင် ဟဲ့ ... မဟောဘူး။ ရော့၊ နင်တို့ပိုက်ဆံတွေ ပြန်ယူကြဟဲ့လို့ အော်လိုက်ပြီးပြီ။ ငါ တောင်ပြုန်းပွဲလာတာ ပျော်ချင်လို့လာတာဟဲ့။ ဟိုဟာဖြစ်ချင်လို့လာတာဟဲ့နဲ့ ကုန်းအော်



mgyoe.com

mgyoe.com



ပစ်လိုက်တာပဲ။ အေးရော၊ ဒေစီဂျိန်းတို့က ရှင်းရှင်းပဲ၊ ဘွင်းဘွင်းပဲ။ စွာတယ်ပြော၊ ပြောရုံမကလို့ အာတယ်ပြောပြော၊ ပြောချင်ရာပြော၊ ခုနကလို နတ်မပဟောချင်တာနဲ့ ထမင်းအတင်းစားခိုင်းရင်း အချိုသတ်နှင်တာမျိုးတွေ ဘာတွေများ ဟိုတုန်းက လုပ်ပါလိမ့်မယ် ဝေးသေး။ အင်း ... ခုတော့ အသက်လေးလည်း ရလာပြီလေ။ တရားလေး ဘာလေးလည်း ထိုင်ဖူးပြီး။ ဝိပဿနာအကြောင်းလည်း သိပြီ။

ကြော်ချင်လော့်ချင်တဲ့ စိတ်တွေလည်း သိပ်မရှိတော့ဘူး။ ကိုယ်တော်တို့ ပေးသမျှနဲ့ပဲ စားမယ်။ ကိုယ်ကသာ စိတ်ထားမှန်ရင် ဘယ်သူကိုမှ ကြော်နေစရာ လော့်နေစရာ မလိုပါဘူး။ အလိုလို ဝပါတယ်။ အလိုလို ရပါတယ်။ ကြော်တယ်၊ လော့်တယ်ဆိုတာ လိမ်တာပဲ။ ဩော် သိတာပေါ့။ နတ်ကတော်ဆိုတာ ငရဲအိုးပတ်ပြေးနေရတဲ့ဘဝ။ မဟုတ်တာရော ဟုတ်တာရော ပြောဆိုစားသောက်နေရတာ မဟုတ်ဘူးလား။ မုသား ဝါဒရော၊ ပါဏာတိ ပါတာရော ကိုယ်တိုင်မသတ်ပေမဲ့ ဟဲ့ ... ငါးအရှင်က ဘယ်နှကောင်ဟဲ့။ ကြက်ဖိုကြက်မက ဘယ်နှစ်စုံဟဲ့နဲ့။ အဲဒါ ပါဏာတိပါတာပေါ့။ မှန်လှပါ၊ ကျေးတော်မျိုး ကျွန်တော်မျိုး ဘိုးဘိုးတို့ အရှစ်နှစ်ပါးရဲ့ ဘုန်းရိပ်ကံရိပ်ကို အကာအကွယ်ယူပြီး ကျေးတော်မျိုး ကျွန်တော်မျိုး လုပ်ကိုင်စားသောက်နေတယ်ဆိုတာ ဘိုးဘိုးတို့လည်း အသိပါဘုရား။

ဒါကိုလည်း ကျေးတော်မျိုး ကျွန်တော်မျိုး နတ်နေကြီး နတ်ဝါကြီးဖြစ်ပြီး ကိုယ့်ပေါင် ကိုယ်လှန်ထောင်းတဲ့ နတ်ကတော်မဆိုပြီး



mgyoe.com

mgyoe.com



အချင်းချင်းက မဲ့ကြရွဲ့ကြတယ်။ မုန်းကြတယ်။ အမယ်လေး ဒေစီဂျိန်းတို့က မှန်ရာပြောတာ။ ပြောတယ်ဟဲ့ ပြောတယ်။ နတ်နေကြီး နတ်ဝါကြီးဆိုတာ ပိုပြီးတော့တောင် မဟုတ်သောစကား၊ မမှန်သောစကား မပြောရဘူးဟဲ့လို့။

နားမလည် ပါးမလည် ပြောကြတာက ရှိသေးတယ်။ အရှင်နှစ်ပါးကို ကိုယ်တော်ကြီး၊ ကိုယ်တော်လေး အများခေါ်သလို မခေါ်ဘဲ ဘိုးဘိုးကြီး၊ ဘိုးဘိုးလေး၊ ဘိုးဘိုးကြီး၊ ဘိုးဘိုးလေးနဲ့ ဂျိန်းစဘွန်းမ ထွင်တယ်ပေါ့။ ကတယ်ပေါ့။

မပြောလိုက်ချင်ဘူး။ ဟဲ့ ... ပုဂံခေတ်၊ ပုဂံပြည် အနော်ရထာမင်းလက်ထက်မှာ (မှန်လှပါ ရွှေနားတော်တင်တော်မူပါ) နတ်ဖြစ်တာ ပုဂံခေတ်၊ အင်းဝခေတ်၊ ပင်းယခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ် တွေ၊ ခေတ်တွေ၊ ကဲ ... ဒီနေ့ခေတ်ထိဆို သက်တော် ဘယ်လောက်ကြီးနေပြီလဲ ...။ ဘိုးဘိုးကြီး၊ ဘိုးဘိုးလေး အရွယ်ရောက်ပြီပေါ့။ အသက်ကြီးလို့တောင် ဥပုသ်ဆောင်သွားပါပကော။ ခု အရှင်နှစ်ပါး ဟိုတုန်းကလို ထန်းရည်အရက်မှ မသောက်တော့တာ။ ဘိလပ်ရည်ပဲ ဆက်ရတော့တာ။

မှတ်ပြီလား၊ သိပြီလား။ ဂျိန်းစဘွန်းမ ကတာ မဟုတ်ဘူး။ ထွင်တာမဟုတ်ဘူး။ မိန်းမလျာမချင်း တူတူ တစ်မူးပိုရှုတာ မဟုတ်ဘူး။ သမိုင်းအချက်အလက်၊ ရာဇဝင်အချက်အလက် လေ့လာထားတာ။ ကြော်စား လျော်စားတာတောင် ဒေစီဂျိန်းတို့က သမိုင်းနဲ့ရာဇဝင်နဲ့ ကြော်စား လျော်စားတာ ဟော့လို့ ...။



mgyoe.com

mgyoe.com



အမယ်လေး ... ပြီးတော့ လာသေးတယ်။ နတ်ကတော်ကြီးတဲ့။ ဗောင်းဆောင်းတဲ့ခေတ်၊ နတ်ပုံတော်ဆိုလို့ တစ်ပုံမှမရှိဘူး။ ဒါနတ်ရှိသေတာလား၊ ဒါ နတ်ကတော်ကြီးလား၊ ဒါဗောင်းဆောင်းလားနဲ့။ အို .... စုံလို့ စုံလို့၊ ပြောလိုက်တယ်။ "ဟော့ .... ပုံတော်မလိုဘူး။ ဂုဏ်တော်ပဲ လိုတယ်ဟေ့" လို့။

ရှိပေါင်၊ ထားပေါင်၊ ပုံတော်တစ်ပုံမှ မရှိပေါင်။ စိတ်သာရှင်စောဘုရားဟော၊ မင်းနှစ်ပါးရဲ့ဂုဏ်တော်၊ အရှင်နှစ်ပါးရဲ့ဂုဏ်တော်၊ သုံးဆယ့်ခုနစ်မင်းနတ်ရဲ့ ဂုဏ်တော်သာအဓိက၊ ကိုယ့်ရင်ထဲမှာ စိတ်ထဲမှာ ဂုဏ်တော်ရှိနေဖို့ အရေးကြီးတယ်။

ဟောဒီမှာ ထားတယ်လေ။ မင်းမဟာဂီရိ အိမ်တွင်း ဗောင်းကြီး၊ ရှေးကဗောင်း၊ မင်းတုန်းမင်း ကိုယ်တော်တိုင် ချီးမြှင့်ခဲ့တဲ့ဗောင်း၊ ရှားရှားပါးပါး ရထားတာ။ ရှေ့ကယွန်းနဲ့ သစ်စေးသရိုးတွေ ဘာတွေကိုကိုင်ပြီး ရွှေချ ကျောက်ရတနာတွေစီချည်ထားတာ။ ကိုယ်နဲ့ထိုက်လို့ရတာပေါ့။ အိမ်တွင်းဗောင်း၊ အိမ်တွင်းဗောင်းနဲ့သာ ဗောင်းတွေ ပေးနေတာ။ အဆောင်အယောင်ကတော့ ကိုယ့်ဘာသာကိုယ်လုပ်ပြီး ဆောင်းကြရတာ။

ဒီဗောင်းအစစ်ကြီးက ဘယ်မှာရောက်နေတုန်း ဆိုတော့ လူမိုက်လမ်းမတော်ဖိုးတုတ် မိန်းမဆီမှာ ရောက်နေတာ။ သူကလည်း နတ်ဆက်ကိုး။ ဒါနဲ့ ကိုယ်နဲ့ထိုက်တော့ ကိုယ်ဗောင်းရပြီး မကြာခင် အဲဒီဗောင်းကြီးကို ကိုယ့်လာရောင်းတယ်လေ။ ကိုယ်ကတော့ သိပ်နားမလည်ဘူး။ ဟဲ့ ... ဘာကိစ္စ ဝယ်ရမှာလဲ။ ဒီမှာလည်း ရွှေချည်ထိုး



mgyoe.com

mgyoe.com



ငွေချည်ထိုးတွေနဲ့ ဒစ္စကိုဖောင်းက လုပ်ပြီးနေပြီ။ ပိုက်ဆံကုန်အောင် မဝယ်ဘူးပေါ့။ အဲဒါကို နားလည်တဲ့မိတ်ဆွေတွေက ဝယ်လိုက်တဲ့၊ ရှေးဟောင်းပစ္စည်းတဲ့။ နောင်နှစ်ကြာလာလေ တန်ဖိုးရှိလေတဲ့။ ဒါကို ဝယ်လိုက်ရတာ။ ကိုယ့်ဆီရောက်မှ ရွှေတွေပြန်ချ။ ကျောက်ပြုတ်နေတဲ့နေရာတွေ ကျောက်တွေ ပြန်ထည့်၊ (အစစ်တွေကို ပြန်ထည့်တာ) ပြီးတော့ သုံးချောင်းထောက် ရွှေကလပ်တွေ လာတွေလုပ်ပြီး တင်ထားလိုက်တယ်။ ကန်တော့ခံ ဖောင်းအဖြစ် ထားလိုက်တယ်။

ဟို ... ဒစ္စကိုဖောင်းကတော့ က,ဖောင်းပေါ့။ ကတဲ့အချိန်မှာ ဆောင်းပြီး က,လိုက်တယ်။

ဒါပဲ အဲဒီဖောင်းပဲ။ ကိုယ့်နတ်စင်ပေါ်မှာ ရှိတယ်။ ပြီးပြီ၊ ဘာပုံတော်မှ မရှိဘူး။ ပုံတော်မရှိသကိုးရယ်လို့လည်း ဒေစီဂျိန်းမှာ နတ်တပည့် နတ်သားသမီး နည်းမသွားပေါင်။ တစ်နှစ်ထက် တစ်နှစ် ပိုပိုပြီးတော့တောင် တိုးလာသေး၊ ဩော် ... ကိုယ်က ဂုဏ်တော်ရှိတာကိုး။

အေးရော၊ အဲဒီတော့ ဒေစီဂျိန်းတို့ဘယ်သွားသွား၊ ဘယ်လာလာ၊ ပူတာအို သွားမလား။ အင်္ဂလန်သွားမလား။ တောင်ပြုန်းလာမလား။ ရတနာ့ဂူလာမလား။ ဟော ... လွတ်လွတ်လပ်လပ်တောင်းတွေ၊ ပလုံးတွေနဲ့ ပုံတော်တွေ ထိုးထိုးထောင်ထောင် ကိုးရိုးကားရားနဲ့သွားစရာမလိုတော့ဘူး။ ဖောင်းတွေအတွက် နိုင်ငံခြားသေတ္တာတစ်လုံး ဝယ်ထားလိုက်တယ်။



mgyoe.com

mgyoe.com



ဒါ သယ်ရုံနဲ့ပဲ ပြီးပြီ။ ကနားပွဲတွေ တစ်ပြည်လုံးလှည့်က တော့လည်း ကနားမှာ ပုံတော်မပါပေါင်။ နတ်စင်ပေါ်မှာ ကန်တော့ပွဲ တွေပဲ တန်းစီးပြီး သူ့နေရာနဲ့သူ ထိုးလိုက်တာပဲ။

အဲ ... ကိုယ့်မယ် သွားရင် လာရင်း သယ်ရတာများတာက အဝတ်အစားသေတ္တာလေ။ အမယ်လေး ... အလှအပကတော့ ဒီက ကြိုက်တယ်။ လှချင်တယ်။ အဖိုးတန်ပေ့၊ ကောင်းပေ့ဆိုတာမှ ဒီက ဝတ်တာ။ ထိုင်မသိမ်းဝတ်စုံတွေများ အပုံစားတွေ။ နိုင်ငံကျော်ဆိုတဲ့ အငြိမ့်မင်းသမီးတွေမှာတောင် မရှိပါဘူး။ ဒေစီကျိန်းတို့က ထဘီမှာ ပတ္တမြားတောင်စီတာ၊ သိပြီလား။ မိုးကုတ်ပတ္တမြား အဖြုံးလေးတွေက ဟိုတုန်းက ဘာမှမပေးရဘူး။ ထဘီကို ပတ္တမြားစီတယ်။ ပုလဲစီတယ်။ နီလာစီတယ်။

ဩော် ... တောင်ပြုန်းပွဲစလာတာကိုက ဝတ်ချင် စားချင်လို့ လာတာပါဆိုမှ ကိုယ်က ခြောက်သာခြောက်ပေမဲ့ ကိုယ့်နယ်မှာဆိုတော့ မိန်းမလို ဖြီးလိမ်းဝတ်စားနေလို့ဖြစ်မလား။ မိန်းမလျာပေမဲ့ ယောကျ်ား၊ ယောက်ကျ်ားပုံ (ယောက်ကျပုံ) နဲ့နေရတာကို။ တောင်ပြုန်းပွဲဆိုတာ မိန်းမလျာတွေဖြီးလိမ်းဝတ်စားပြီး ကြိုက်သလို နေကြတာတဲ့ ပျော်စရာ သိပ်ကောင်းကဲ့ဆိုပြီး သတင်းတွေကြားတော့ သွားချင်တာပေါ့။ မိန်းမပုံလို ဝတ်စားပြီး လွတ်လွတ်လပ်လပ် ပျော်ချင်တာကိုး။ ဘာနတ်မှလည်း မသိဘူး။ နတ်ကတော်လည်း မဖြစ်သေးဘူး။ မိန်းမသွေးတွေဝင်ပြီး အပျိုသွေးတွေ ကြွပြီး ဝတ်ချင်စားချင်၊ ဆိုချင်ကချင်၊ ပျော်ချင် ပါးချင်



mgyoe.com

mgyoe.com



နေတော့တာပဲ။ လင်ကလည်း လိုချင်သလား မမေးနဲ့။ ဟိုကောင်လေး မြင်လည်း ကြိုက်၊ ဒီကောင်လေးမြင်လည်း ကြိုက်၊ တွေ့သမျှ အကုန် ကြိုက်ချည်း နေတာပဲ။

အမယ်လေး ... ပြောလို့ပြောတာ မဟုတ်ဘူး။ ကိုယ့်ကို လည်း မြင်ရင် မကြိုက်တဲ့သူ မရှိပါဘူးနော်။ ငယ်ငယ်ကများ စန်းထ သလား မမေးနဲ့။ မြင်တာနဲ့ မိတ်ဆက်တဲ့သူနဲ့၊ စကားလိုက်ပြောတဲ့သူနဲ့။

တောင်ပြုန်းကို ပထမဆုံးလိုက်လာတဲ့အခေါက် မှတ်မိသေး တယ်။ ရန်ကုန်ဘူတာကြီးထဲမှာ။ နတ်ကတော်မိန်းမလျာမ အသိတွေနဲ့ လိုက်လာတာပေါ့။ မိန်းမလျာတွေ သူတို့ပုံတော်တွေ ဘာတွေနဲ့ ရှုပ်ယှက် ခတ်နေတုန်း။ ကိုယ်က အဝတ်အစားအိတ် လက်ကဆွဲပြီး ဘူတာထဲမှာ လမ်းသလားနေတာ။ ယောကျ်ားပုံတော့ ယောကျ်ားပုံနဲ့ပေါ့။ ကတ္တီပါ လောင်းကွတ်အစိမ်းအရှည်ကြီးနဲ့၊ အဲဒီတုန်းက ဆံပင်က အရှည်၊ သျှောင်ထုံးနဲ့၊ မိတ်ကပ်က လိမ်းထားသေးတယ်။

နှစ်ခေါက်လည်း ဘူတာထဲ လမ်းသလားပြီးရော လူတစ်ယောက် ကပ်လာတယ်။ "ဘယ်ဇာတ်မှာကတဲ့ မင်းသားလဲ" တဲ့။ အလို ... ဒုက္ခပေါ့။ ဇာတ်ထောင်ဆရာလားလည်း မသိပါဘူး။ အဲဒီလူက တစ်ခါ တည်းကပ်ပြီး မွန်ပြည်နယ်ကို လိုက်ခဲ့ပါတဲ့။ ဇာတ်မင်းသား၊ ခေါင်းဆောင် မင်းသား တင်မယ်တဲ့။ အမယ်လေး ... ညကြေးတွေ ဘယ်ရွေ့ ဘယ်လောက်ပေးပါ့မယ်တွေ ပြောကုန်ပြီ။ အမယ် ... ကိုယ်ကလည်း ခပ်တည်တည်နဲ့ မင်းသားဟန်နဲ့ ဂိုက်ပေးလို့ကောင်းနေတုန်း ပြုန်းဆို



mgyoe.com

mgyoe.com



ဟိုမိန်းမလျာတွေ ရောက်လာပြီး “ဟဲ့… ကောင်မလာဟဲ့၊ ဘာလုပ်နေတာလဲ။ ရထားထွက်တော့မယ်ဟဲ့” နဲ့ အော်ကြ၊ ဖေကိုင်တုပ်ကြနဲ့ လုပ်ချလိုက်တော့ ဟိုလူမှာ ပါးစပ်အဟောင်းသား။ ကိုယ့်မှာလည်း ပေါ်ပဟဲ့ဆိုပြီး ပြေးလိုက်ရတာလေ။

အဲဒီတုန်းက ရထားပေါ်မှာလည်း ပျော်လိုက်တာ။ အော်လိုက်၊ ဟာစ်လိုက်၊ ကလိုက်၊ စားလိုက်၊ သောက်လိုက်။ ဘူတာစဉ်တွေ့တာ အကုန်ဝယ်စား၊ ဈေးကလည်း ပေါလိုက်တာ။ ရန်ကုန်–မန္တလေး ရထားခကမှ ခုနစ်ကျပ် တစ်မတ်ရယ်။

မန္တလေးက တောင်ပြုန်းကူးကြတော့လည်း ဟိုတုန်းက ရွှေတစ်ချောင်းထဲကနေ လှေနဲ့လည်း သွားလို့ရတာကိုး။

ရွှေတစ်ချောင်းထဲမှာ လှေနဲ့သွားရတာ သိပ်ပျော်စရာကောင်းတာ။ လှေချင်း လှေချင်း လှမ်းပြီး နောက်ကြ၊ ပြောင်ကြ၊ နှုတ်ဆက်ကြ။ ယောက္ခမကြီးရေ၊ မိန်းမရေ၊ ယောက်ဖရေနဲ့။ တချို့လည်း စတာကြမ်းတယ်။ အမူးသမားတွေလည်း ပါတာကိုး။ အို … ကိုယ်ကတော့ ကြမ်းလေ ကြိုက်လေ။ သူငယ်တွေက မိန်းမရေဆို မောင်ရေဆိုပြီး သဘောတွေကို ခွေ့လို့။ “ဟဲ အခြောက်မ” ဆိုလို့ကတော့ မအေ၊ နှမ၊ မိုးမွှန် သွားပြီသာ မှတ်တော့။

တောင်ပြုန်း ရောက်ပြန်တော့လည်း ပျော်တာ။ ပျော်တာ ထိန်းမရဘူး။ အထက်အောက် အနီရဲဆင်တူနဲ့၊ စကတ်ပဝါကလည်း အနီရဲကြီး ခေါင်းစည်းပြီး လက်ဖက်ရည်ဆိုင်မှာ ထိုင်၊ သူငယ်တွေက



mgyoe.com

mgyoe.com



တရုန်းရုန်း။ ဟိုလူကဆွဲ၊ ဒီလူကဆွဲ၊ ဟိုမှာက မိန်းမလျာတွေ များတာကိုး။ တစ်ခါတည်း မိန်းမတွေလို ဝတ်စားပြီး သွားလာနေကြတာ။ လွတ်လပ်ရေးတွေကို ရလို့။ အို ... ဘာရမလဲ။ လင်းတာနဲ့ ဝတ်စားဖြီးလိမ်းပြီး ထွက်၊ နန်းကြီးပေါ်တက်၊ "သံတံခါးရိုးရာ" သွားခုန်တာပဲ။

နန်းကြီးရဲ့ ပိတ်ထားတဲ့ သံတံခါးရှေ့မှာ သွားကကြတာကို သံတံခါးရိုးရာ ကတယ်လို့ ခေါ်ကြတာ။ ညီလာခံပြီးတာနဲ့ သံတံခါး ဆွဲပိတ်ပြီး အရပ်က သံတံခါးရှေ့မှာ သံတံခါး ရိုးရာကကြရတဲ့ အစဉ်အလာက ရှေးကတည်းက ရှိခဲ့တာ။ နန်းကြီးဆိုင်းက တီးပေးတယ်။ ပိုက်ဆံပေးရတာပေါ့။ ဟိုတုန်းကတော့ တစ်မတ်ဖိုး တီးပါဦး။ ငါးမူးဖိုး တီးပါဦးပေါ့။ ရွှေဒင်္ဂါးတစ်ပြား ဆယ့်နှစ်ကျပ်ခေတ်မှာ နှစ်ကျပ်ဖိုးလောက် တီးခိုင်းတဲ့လူဟာ အများဆုံး ငွေနှစ်ကျပ်က ပဒုမ္မာတစ်အုပ်၊ ဆီတစ်ပုံး ရတာကိုး။ ခုတော့ အနည်းဆုံးဟာ လေးဆယ့်ငါးကျပ်ဖိုး၊ ကိုးဆယ်ဖိုးပေါ့။

သံတံခါးရှေ့မှာ ခုန်နေကြတဲ့ လူအုပ်ကြီးက နည်းတာ မဟုတ်ဘူး။ သံတံခါးရိုးရာကို သူငယ်တွေနဲ့ ရောနှောကခုန်၊ ကိုယ့်ကို မတုတ်တာပြောရင် ရန်ဖြစ်၊ ဆဲဆိုပြီး လက်ကလည်း ဂိုး၊ ဂွမ်ဆို ပါပြီးသား။ လုပ်ချလိုက်တာပဲ။ ပြီးရင် ညကျ အင်္ကျီအဝတ်အစား တစ်ခါလဲ၊ တစ်ခါထွက်၊ သွားခုန်၊ ဟိုလိုက်သွား။ ဒီလိုက်သွား၊ ပျော်နေတာပဲ တစ်ညလုံး။

နောက်နှစ်ကျတော့ မိန်းမလျာတွေ တောင်ပြုန်းပွဲမှာ ဖမ်းပါလေရော။ မိန်းမလျာတွေတာနဲ့ ဖမ်း။ ရဲတွေ ခြေချင်းလိမ်လို့ပေါ့။ မိန်းမလျာဖြစ်ပေမဲ့ ယောကျ်ားပုံဆိုရင်တော့ မဖမ်းဘူး။ ယောကျ်ားလို ကျားကျား



mgyoe.com

mgyoe.com



လျားလျား ပုံဆောင်ထားရင်တော့ မဖမ်းဘူး။ ယောကျ်ားလို ဝတ်ပြီး နွဲ့နေရင်ကတော့ လာခဲ့။ သွား ... အချုပ်ထဲ။

မိန်းမလျာတွေ ဖမ်းကုန်ပြီ၊ ဖမ်းကုန်ပြီဆိုတော့ ကိုယ်နေတဲ့ ကနားက နတ်ကတော်မကြီးတွေက ဟဲ့ ... အပြင်မထွက်နဲ့။ ကိုယ့် ကနားမှာ ကိုယ်နေ၊ ဖမ်းခံရလိမ့်မယ်။ နင်ကလည်း ဆတ်ဆလူး ထနေတာနဲ့တော့ ဖမ်းခံရလိမ့်မယ်ဆိုတော့ မထွက်ရဘူး။ စိတ်က ညစ်ပြီ၊ ထွက်က ထွက်ချင်။ လျှမ်းက လျှမ်းချင်နဲ့ ဘယ်နှယ့်လုပ်ရပ့် မတုံးပေါ့။ မနေနိုင်ဘူး။ ယောကျ်ားပုံနဲ့လည်း မထွက်ချင်ဘူး။ အဲသည်တော့ ဟဲ့ ထွက်တယ်ဟဲ့၊ လာခဲ့ဆိုပြီး အောက်က ပုဆိုးတစ်ထည်ခံဝတ်ပြီးအပေါ်က မိန်းမပုံပဲ ဝတ်စား၊ အဲ ... မိတ်ကပ်တော့ပါးပါးပဲ လိမ်းပြီး ထွက်တာပေါ့။

ထွက်တော့ ရဲက နန်းကြီးနားကနေ စောင့်နေတယ်။ မြင်တော့ လှမ်းပြောတယ်။ နန်းကြီးပေါ်သာ မလာနဲ့၊ နန်းတစ်ဝိုက်မှာတော့ နေချင် နေတဲ့။ သဘောကောင်းရှာပါတယ်။ ဒါပေမဲ့ ကိုယ်က နန်းကြီးပေါ် တက်ချင်တာ။ နန်းကြီးပေါ်မှာမှ ကဲချင်တာ။ ဘာရမလဲ တစ်ခါတည်း ရဲအလစ်မှာ နန်းကြီးပေါ်တက်သွားပြီး ကဲတာပေါ့။ ခဏနေတော့ ရဲက မြင်ရော။ မြင်တာနဲ့ ဒေါသတကြီး ကိုယ့်ဆီလာတာ။ ဖမ်းမလို့။ ဒီလို ဘယ်ရမလဲ။ ဖြတ်ဆို တစ်ခါတည်း ထဘီချွတ်ချပြီး ကပျာကယာခေါက်၊ ခြိုင်းကြားညှပ်၊ အောက်ကခံလာတဲ့ပုဆိုးကို ပြင်ဝတ်ခဲ့ပြီးဘေးက သူငယ်တစ်ယောက်ကို "ဟဲ့ ... နင့်တိုက်ပုံ မြန်မြန်ချွတ်စမ်း၊ ငါ့ခဏ ပေး၊ ပြီးတော့ လိုက်ယူ" ဆိုပြီး တိုက်ပုံထပ်ဝတ်ပြီး ယောကျ်ားပုံလုပ်လိုက်



mgyoe.com

mgyoe.com



တာပေါ့၊ ပြီးတော့ ရှေ့ကနေ ခပ်တည်တည်ဖြတ်ပြီးတော့ ထွက်လာခဲ့တာ။ ရဲတွေနဲ့ ကိုယ်နဲ့ လိုက်တမ်းပြေးတမ်း ကစားရတာကို ပျော်လို့။

နောက်တော့ မိန်းမလျာတွေက မနေနိုင်ကြတော့ ထွက်ကြတော့ တော်တော်များများ ဖမ်းမိပြီး အချုပ်ထဲရောက်ကုန်ကြရော။ အဲဒီတော့ အဖော်မရှိတော့ ပျင်းရော။ ပြီးတော့ ကိုယ်က အဖမ်းမခံရသေးတော့ မိန်းမလျာ မဟုတ်သလို ဂုဏ်ငယ်သလိုပဲ။

အဲဒါနဲ့ ကိုယ်လည်း အဖမ်းခံရအောင် လိမ္မော်ရောင် အထက်အောက် ဆင်တူဝတ်၊ စကတ်ပဝါ လိမ္မော်ရောင်ကြီး ခေါင်းမှာစည်းပြီး မိန်းမလျာမှန်းသိအောင် ပိုက်ဆံအိတ် လက်ကိုင်ကြိုးကို လက်ညှိုးထိပ်မှာ ရမ်းပြီး လှည့်ပြီးတော့ကို ထွက်တာ။ ပါးစပ်ကလည်း အော်လိုက်သေးတယ်။ ဟဲ့ ... ဒါမျိုးမကြောက်လို့ ရွာရိုးလျှောက်တာဟေ့။ မိန်းမလျာဟဲ့၊ ဖမ်းဟဲ့နဲ့ ရဲကဖမ်းတာပေါ့။ ဖမ်းတော့ အချုပ်ထဲရောက်တော့ ကိုယ့်သူငယ်ချင်းတွေနဲ့ တွေ့တာပေါ့။ ဟိုထဲမှာ တပျော်တပါး တစုတရုံးကြီး။

အဲလိုနဲ့နေတုန်း နောက်ရက်ကျတော့ မိန်းမလျာတွေကို အာမခံနဲ့ ထုတ်မယ်ဆိုပြီး မိန်းမလျာ မယ်မြင့်ကြီးဆိုတာက တိုက်ပုံတွေ၊ ပုဆိုးတွေ ဘာတွေဝတ်ပြီး ယောကျ်ားပုံနဲ့ အချုပ်ကိုလာရော။ အမယ် ... သင်းကများ ယောကျ်ားပုံဖမ်းလို့၊ မွှေမဟဲ့ဆိုပြီး "အဲ ... အဲဒီမှာ ခုလာတဲ့ဟာကြီးကလည်း မိန်းမလျာကြီးပါတော့။ မယ်မြင့်ကြီးဆိုတဲ့ မိန်းမလျာကြီးပါ ဖမ်းပါ" နဲ့ အော်ချပစ်လိုက်တယ်။ ရဲက သူ့လည်း ဖမ်းထားလိုက်ရော။



mgyoe.com

mgyoe.com



အို့ . . သူတင် ဘယ်ကမလဲ။ အကုန်မွေပစ်တာ။ ကိုယ်သိသမျှတွေလေ အကုန်လျှောက်ပြောတာ။ ဘယ်မိန်းမလျာ ဘယ်သူ၊ ဘယ်ဘုန်းကြီးကျောင်းထဲမှာ ပုန်းနေပါတယ်။ ဘယ်သူကတော့ ဘယ်အိမ်မှာပါနဲ့ လျှောက်မွှေလိုက်တာရှိသမျှ မိန်းမလျာအကုန် အချုပ်ထဲ ရောက်လာတော့တာပဲ။

အဲသည်ကျတော့မှ အချုပ်ထဲမှာ မိန်းမလျာတွေ မဆံ့မပြဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ကြ၊ ဆဲကြ၊ ဆိုကြ၊ ငိုကြ၊ ယိုကြတွေဖြစ်ကုန်ရော။ နောက်ဆုံးကျတော့ ရဲတွေလည်း မထိန်းနိုင်တော့ဘူး။ ကဲ . . . မယ်မင်းကြီးမတို့ မငိုကြပါနဲ့။ မဆူကြပါနဲ့။ ကိုယ့်အရပ်ကိုယ် အားလုံးပြန်ကြ။ ဒီပွဲတော်ထဲမှာတော့ မနေရဘူးဆိုပြီး လွှတ်ပေးလိုက်ရရော။

လွှတ်လိုက်တော့ တော်တော်များများ ကိုယ့်အရပ်ကိုယ် ပြန်ကြတာပေါ့။ အို့ . . ကိုယ်ကတော့ ဝေးသား။ မပြန်ပေါင်။ မန္တလေးမှာ ဆက်ပြီး သောင်တင်နေတာပေါ့။ သူငယ်ချင်းနှစ်ယောက် မပြန်ကြဘူး။

တစ်ညကျတော့ မန်းသီတာဥယျာဉ်မှာ လူနှစ်ယောက်နဲ့ သွားထိုင်ကြတယ်။ ကိုယ်က တစ်နေရာ၊ သူက တစ်နေရာ။ မင်္ဂလာ တံတားနားမှာပေါ့။ မှတ်မှတ်ရရ အဲဒီညက သူငယ်ချင်းမနှစ်ယောက် ချိတ်ထဘီအဖြူလေးတွေနဲ့။ ဒေါက်ဖိနပ်နဲ့ ဒေလီယာပွင့်ကြီးတွေကလည်း တစ်ယောက်တစ်ပွင့် ပန်လို့။

ဥယျာဉ်ထဲမှာ စကားလေးမှ ပြောမလို့ ရှိသေးတယ်။ ရဲက



mgyoe.com

mgyoe.com



ရောက်လာပါလေရော။ လာခဲ့ဆိုပြီး ဖမ်းလည်း ဖမ်းရော ကိုယ်က ဘယ်ခံမလဲ ရဲကို လက်သီးတွေနဲ့ ထိုး။ ခြေထောက်တွေနဲ့ ကန်ပြီး ထွက်ပြေးတာပေါ့။

ကိုယ်ကတော့ သူငယ်ချင်းမဆီ ပြေးရတာပေါ့။ ဟဲ့ ... ဒီလို ဒီလိုပဲ။ ငါတော့ ဒီလိုဖြစ်ခဲ့ပြီလို့ ပြောတုန်းရှိသေး ခုနရဲက နောက်ရောက်လာပါရော။ ဘာပြောကောင်းမတုံး တစ်ခါတည်း ဒေါက်ဖိနပ်ကုန်း ချွတ်ပြီး ရဲမျက်နှာကို စုံခုန်ရိုက်ပစ်လိုက်ပြီး ကျုံးထဲ ဂုန်းဆို ခုန်ချ။ ရေကူးပြေးတာ။ ဟိုဘက်ကမ်းပေါ်ရောက်တော့ ချိတ်ထဘီလည်း မပါလာတော့ဘူး။ အတွင်းခံ ဘောင်းဘီလေးနဲ့ တုန်နေတာပဲ။ ဒေလီယာပွင့်လည်း ပြုတ်ကျ။ ကိုယ်က လွတ်သွားပေမဲ့ သူငယ်ချင်းမကျတော့ ဖမ်းမိသွားတာပေါ့။ အဲဒီသတင်းလည်း မိန်းမလျာလောက သိသွားရော။ ဟဲ့ ... ဒီကောင်မ အစွမ်းအစမသေးဘူး။ သတ္တိခဲမ။ လူစွမ်းကောင်းမ၊ ဂျိန်းစဘွန်းမပဲဟဲ့ဆိုပြီး ဂျိန်းစဘွန်းကလည်း ပေါ်ကာစဆိုတော့ နာမည်ပေးလိုက်ကြတာ "ဒေစီဂျိန်း" လို့။

အဲဒီကစ နဂိုနာမည် "ဘစီ" ပျောက်ပြီး ဒေစီဂျိန်းပဲ တွင်တော့တာပဲ၊ နတ်ဖြစ်တော့လည်း အဲ ... နတ်ကတော်ဖြစ်တော့လည်း ဒီနာမည်ကိုပဲ သိကြတော့တာပဲ။

ဩော် ... နတ်ကလည်း မဖြစ်ချင်လို့ရမလား။ ဒါလောက် ကချင် ခုန်ချင် ဝတ်ချင် စားချင်နေတဲ့ မိန်းလျာပဲ။ တောင်ပြုန်းရောက် ကတည်းက နတ်သွေးနတ်စိတ်တွေ ဝင်နေပြီပေါ့။ နတ်ကတော်တွေ



mgyoe.com

mgyoe.com



ကနေတာ၊ နတ်ဝင်နေတာ၊ နတ်ပူးနေတာလည်း မမြင်ချင်မှ အဆုံး။ အတုခိုးတတ်တာပေါ့။ ဂျိန်းစဘွန်းမပဲ ဘာမဖြစ်စရာရှိသလဲ။

ဘိုးဘိုးကြီး၊ ဘိုးဘိုးလေးတို့က ချစ်ပြီး မြှောက်စားတာလည်းပါတာပေါ့။ တကယ်၊ နတ်ကလည်း ကိုယ့်ကို ဘာချစ်သလဲ မပြောနဲ့။ ဘာမြှောက်သလဲ မပြောနဲ့။ နတ်ကတော် ဒေစီဂျိန်းဆိုတာ တောင်ပြုန်းမှာ အရမ်းနာမည်ကြီးသွားတာ။ ကိုယ့်ဆွေတွေမျိုးတွေ မြှောက်စားတာလည်း ပါတယ်။ ကိုယ့်ဆွေ ကိုယ့်မျိုးတွေက အောက်နယ် တစ်ခွင်မှာ နာမည်ကြီးဆေးလိပ် သူဌေးတွေ။ ဦးလေး၊ အဒေါ်သူဌေးတွေက ဘစီနတ်ဖြစ်ပြီ ဆိုတာနဲ့ သူ့တူမှ နတ်၊ တခြားနတ်ကတော်တွေ မလာနဲ့။ မသိဘူး။ ဘစီမှ နတ်၊ ဘာမြှောက်သလဲ မမေးနဲ့။ လုပ်ဟဲ့၊ ကနားပွဲတွေ၊ ရော့ ဝယ်ဟဲ့ နတ်ဝတ်စုံတွေ။ အဖိုးတန်တွေဝယ်၊ လက်ဝတ်လက်စားတွေ အစစ်တွေဝယ်၊ အတုမဝတ်နဲ့၊ ဂုဏ်ငယ်မယ်၊ ဒီလို။

တောင်ပြုန်းကိုလည်း တစ်ဆွေလုံး တစ်မျိုးလုံး နှစ်တိုင်းလာကြ။ သူတို့မွေးတဲ့ ကလေးတွေ ကင်ပွန်းတပ်ပွဲတို့၊ မွေးနေ့ပွဲတို့ကို တောင်ပြုန်းကျမှ လုပ်ကြတာ။ တောင်ပြုန်းမှာ ဘတ်ဒေးပွဲတွေ ဘာတွေကို လုပ်တာ။ ရေခဲမုန့်တွေကျွေး၊ ဆပ်တွန့်လိပ်တွေနဲ့။ အဲဒီတုန်းက အဲလိုဟာတွေ ဘယ်သူမှတောင် မမြင်ဖူးသေးဘူး။ ဝိုင်းကြည့်ကြတာ။ အဲဒီလို ...။

ဆန်ဆို အိတ်လိုက်၊ ဆီပုံးလိုက်၊ တောင်ပြုန်း ခုနစ်ရက်မှာ လာသမျှ ကိုယ့်ညှေ့သည် အကုန်ကျွေး။ ပြီးတော့ ကနားတဲလေးတွေနဲ့



mgyoe.com

mgyoe.com



နေရတာ မျက်နှာငယ်တယ်၊ ကျဉ်းတယ်။ အိမ်သာမရှိ၊ ဘာမရှိ၊ အိပ်လို့နေလို့ မကောင်းဘူး။ ဝယ်လိုက် တောင်ပြုန်းမှာ မြေနဲ့အိမ်။ သူတို့က လိုက်ဝယ်ပေးတယ်။ ရှိမှပြန်ပေး။ ခု ဒီအိမ်နဲ့မြေဝယ်တုန်းက ဘာပေးရလို့တုံး။ ငါးထောင်ရယ်။ ရေလောင်းအိမ်သာတွေ၊ မီးဖိုတွေ၊ ရေချိုးခန်းတွေ ဆောက်တာနဲ့မှ ရှစ်သောင်းလောက်ကျတာ။ ခု တန်နေပြီ၊ ဂုဏ်က လည်းရှိသလား မမေးနဲ့။ တောင်ပြုန်းမှာ ဒေစီကျိန်းနန်းက နှစ်ထပ်အိမ်ကြီးပေါ်မှာဟော့။ ခြံကြီးထဲမှာ၊ အဲဒီလို။

တက်ပွဲ၊ တက်ပွဲဆိုလည်း ဒေစီကျိန်းတို့တက်ပွဲက သူများတွေနဲ့ တူကို မတူရဘူးမှတ်။ တက်ပွဲဆိုတာ တောင်ပြုန်းမင်းနှစ်ပါးကို ချိုပွဲ၊ ချဉ်ပွဲ၊ ကန်တော့ပွဲနဲ့ တက်ပြီး သိဒ္ဓိတင်တဲ့ပွဲ၊ နန်းတက်တဲ့ပွဲ၊ နတ်ကတော်တစ်ယောက်ရဲ့ဘဝမှာ အရေးကြီးဆုံးပွဲ။ နတ်ကတော်ဖြစ်ပြီး တက်ပွဲမရ သေးရင် မျက်နှာငယ်တယ်၊ ဂုဏ်ငယ်တယ်။

တက်ပွဲတက်ပြီးမှ မင်းနှစ်ပါးရဲ့ နန်းတော်ကြီးရှေ့တိုက် စာရင်းဝင် ဖြစ်တာ။ ကိုယ့်ဆိုင်းဘုတ်မှာလည်း တောင်ပြုန်းမင်းနှစ်ပါး နန်းတော်ကြီး ရှေ့တိုက်စာရင်းဝင် ကနားစီး ဘယ်သူဆိုပြီး ရေးလို့ရတာ။

တက်ပွဲဆိုတာ ဟိုရှေးတုန်းက မရှိပါဘူး။ နတ်ကတော်တွေ တံခါးရှေ့မှာ သံတံခါးရှိရာ ဒီလိုပဲ ကနေတာပဲ။ အဲဒီမှာ နန်းထိန်းတွေက ပိုက်ဆံများများ ကိုင်ကနေတဲ့ နတ်ကတော်တွေကို "လာခဲ့၊ နင်တို့ အဲဒီလို ကမနေနဲ့။ နန်းထဲမှာ တရားဝင်လာက" ဆိုပြီး ကခိုင်းရာက ကန်တော့ပွဲတို့၊ ကန်တော့ကြေးတို့၊ စားတော်စာတို့ပါ ပါလာ။ ကိုယ်တော်



mgyoe.com

mgyoe.com



တို့ကို ကန်တော့တယ်။ ကိုယ်တော်တို့ရှေ့မှာ နန်းတက်တယ်ဆိုပြီး တက်ပွဲ၊ တက်ပွဲ ဖြစ်လာတာ။

ဟိုတုန်းက တက်ပွဲတက်တဲ့ နတ်ကတော်လည်း မများပါဘူး။ တက်ပွဲတစ်ပွဲလည်း ဘာမှမကုန်ပါဘူး။ တက်ပွဲကြေးတွေ ဘာတွေလည်း မပေးရပါဘူး။

ကန်တော့ပွဲရယ်၊ စားတော်စာရယ်၊ မင်းနှစ်ပါး ဥပုသ်ဆောင် မဝင်ခင်တုန်းက ထန်းရည်အိုးလေးပါရတယ်။ ဒါပဲ။ ဘာကုန်မှာတုံး၊ ရာဂဏန်းပဲ။ နှစ်ရာ၊ သုံးရာ အရေးကုန်ပေါ့။ အဲဒီတုန်းက ဒေစီဂျိန်း တို့က ထောင်ဂဏန်းကုန်အောင် ချဲ့ပစ်တာ။ စားတော်စာကို သူများလို ဆီထမင်းလေး၊ ငါးကြော်လေး၊ မာလကာသီးလေး၊ နာနတ်သီးလေးနဲ့ တင် ဘယ်လုပ်မတုံး။ ပန်းသီးတွေဝယ်၊ ရန်ကုန်က အော်ဒါကိတ်မုန့် အကြီးကြီးတွေ လုပ်၊ နိုင်ငံခြားက လာတဲ့ ဂိုဒင်းပတ်တို့ ဘာတို့တွေနဲ့ အဲလိုလုပ်ပစ်တာ။

တက်ပွဲမှာ ဝတ်တဲ့ အဝတ်အစားဆို လှပေ့ အဖိုးတန်ပေ့ဆိုတဲ့ အစကို အော်ဒါမှာ အထူးချုပ်၊ အလှအပက ကြိုက်ကြိုက်နဲ့ တက်ပွဲ အဝတ်အစားတင်ဘယ်ဟုတ်လိမ့်မလဲ တောင်ပြုန်းပွဲ ခုနစ်ရက်မှာ ဝတ်ဖို့ လှပေ့ဆန်းပေ့ဆိုတဲ့ နောက်ဆုံးပေါ်တွေကိုလည်း ဝယ်ရချုပ်ရလုပ်ရသေး တာ။ အိုး ... တစ်နှစ်ဟာတော့ တောင်ပြုန်းပွဲနားနီး၊ ရုံတင်တဲ့ ဝါဝါဝင်းရွှေ ဇာတ်ကားထဲမှာလေ ရုပ်ရှင်ကား နာမည်က "စူဠသုဘဒ္ဒါ" တဲ့ အဲဒီ ကားထဲမှာ မင်းသမီးဝါဝါဝင်းရွှေ ဝတ်တာ သိုးမွေးကုတ်အင်္ကျီအရှည်



mgyoe.com

mgyoe.com



ညို့ဝါရောင် လှလိုက်တာ အဲဒီသိုးမွေးကုတ်အင်္ကျီရှည်နဲ့ လက်က သေနတ်ကလေး ကိုင်ကိုင်လှည့်ပြီး စတိုင်ကကျလိုက်တာ ဝတ်ချင်လွန်းလို့ ဒေစီကျိန်းတို့ အဲဒီသိုးမွေးကုတ် ညို့ဝါရောင်ကို မရရအောင် လိုက်ရှာဝယ်တာ၊ တောင်ပြုန်းကျတော့ တစ်မနက်သား အဲဒီသိုမွေးကုတ်အင်္ကျီရှည် ညို့ဝါရောင်ကို အကျအနဝတ်တဲ့ပြီး ပွဲတော်တဲ လမ်းသလားတာပေါ့။ အမလေး ထွက်ထွက်ချင်းတော့ မြင်မြင်သမျှလူတွေက (အထူးသဖြင့် ကိုယ့်လို အခြောက်မတွေကပေါ့) ဟယ် ဝါဝါဝင်းရွှေတော့ စူဠသုဘဒ္ဒါထဲက ဝါဝါဝင်းရွှေလေးနဲ့ ပိုင်းကြည့်ကြတော့ ပီတိတွေဖြာ၊ အဆီဘူးကို သွက်သွက်ခါ အောင် ရမ်းပြီးလျှောက်တာ။ မကြာပါဘူး အဲဒီအချိန် တောင်ပြုန်းရာသီဥတုက ပူပါဘိသနဲ့ ချွေးတွေ ပြိုက်ပြိုက်ကျအောင် ထွက်လာတော့ တာပဲ နောက်ဆုံး ဘယ်လိုမှ ဆက်မလျှောက်နိုင်တော့တဲ လမ်းခုလတ်တင် သိုးမွေးအင်္ကျီကို ချွတ်ပစ်လိုက်ရတယ်။ လက်ဝတ်လက်စား စိန်တွေ၊ ရွှေတွေကိုလည်း ဆွေတွေမျိုးတွေက ညွှတ်နေအောင် ခာင်ပြီး တက်ပွဲသွားတော့ ဘယ်လိုသွားတယ်မှတ်လဲ။ ဘော်ဒီဂတ် နှစ်ယောက်ဘေးက ရံနိုင်းပြီးသွားတာ။ တပ်ထိန်းဘော်ဒီဂတ်နှစ်ယောက်နဲ့ ဒေစီကျိန်းက ရှေ့က နောက်က ဆွေတွေမျိုးတွေက စီတန်းပြီး လိုက်ကြ၊ ဒီလိုလုပ်တာ။

တက်ပွဲဈေးတွေတက်ပြီး သောင်းဂဏန်းထိ ရောက်ကုန်တော့လည်း ဒေစီကျိန်းတို့ကတော့ တက်ပွဲဒကာ မရှားပေါင်တော်။ တစ်နှစ် သုံးလေးပွဲကတော့ အေးလို့။ ဆွေတွေမျိုးတွေက နှစ်တိုင်း တစ်ပွဲတက် ပေးတယ်။ ကျန်တာက ကိုယ့်နတ်သားသမီးဒကာပေါ့။ တချို့ဆို တက်ပွဲ



mgyoe.com

mgyoe.com



တက်ချင်လွန်းလို့ ဒကာရှာရတာ။

အမယ်လေး ... ကြော်ရ၊ လှော်ရတာ ဖတ်ဖတ်ကို မောလို့။ တက်ပွဲတက်ရင်၊ တက်ပွဲကောဖြစ်ရင် ဘယ်လိုစီးပွားတက်မှာ၊ ဘယ်လို အဆင်ပြေမှာ၊ ဘယ်လိုဖြစ်မှာ၊ ဘယ်ညာဖြစ်မှာတွေ စုံလို့ ... စုံလို့၊ ကြော်ရ လှော်ရတာ။ ဩော် ... မကြော်မလှော်လို့လည်း ဖြစ်မလား။ ခုခေတ် တက်ပွဲတစ်ပွဲ ကုန်ကျစရိတ် နတ်ကတော် တစ်ယောက်အနေနဲ့ ကိုယ့်အိတ်ထဲက ဘယ်စိုက်နိုင်မလဲ။ အနည်းဆုံး တစ်ပွဲ တစ်သောင်း လောက်ကုန်တာ။ ကိုယ်ဝတ်မယ့် အဝတ်အစား၊ စားတော်စာဖိုး၊ ကန်တော့ ပွဲဖိုး။ ပြီးတော့ တက်ပွဲကြေးဆိုတာလည်း ပေးရတယ်။ အရင်လို မဟုတ်ဘူး။ ပုဆိုးအုပ်သုံးအုပ်နဲ့ ပဝါခြောက်ပိုင်လည်း ပါရသေးတယ်။

တက်ပွဲကြေးက အဲ ... ဒီနှစ်ဆို ထောင့်နှစ်ရာဆိုလား။ ပုဆိုးသုံးအုပ်ကိုက လေးငါးခြောက်ထောင် အနည်းဆုံးကျပြီ၊ အမျိုးအစား ညံ့ညံ့သလို၊ ကောင်း ကောင်းသလို ကုန်ပြီ။ ဒီခေတ်မှာ စားတော်စာက လည်း ချဲ့ချဲ့သလို ကုန်လို့ရတယ်။ နိုင်ငံခြားမုန့်ပုံးခေတ် မဟုတ်လား။ တစ်ပုံးကို လေးငါးရာ၊ နိုင်ငံခြားဖျော်ရည် သံဘူးတွေကလည်းလှ သလောက် ဈေးကြီးက ကြီးနဲ့၊ နတ်ကတော်မှာ တစ်နှစ်လုံး ကနားပွဲတွေ ကရင်း တက်ပွဲဒကာကို လင်ပျောက်သလို အရှုးအမူးလိုက်ရှာရတာ။ ဒကာတွေပြီဆိုတော့မှ ဒီနှစ်အတွက်တော့ စိတ်အေးရပဟဲ့ဆို ပြီး ရင်ဝက အလုံးကြီးကျတာ။ ခုချိန်ထိ မတက်နိုင်သေးတဲ့ နတ်ကတော် တွေလည်း အပုံပေါ့။ ဒါပေမဲ့ သူတို့ရင်ထဲ မှာတော့ရှိတာပေါ့။ နတ်ကတော်တို့ရဲ့ဘဝ



mgyoe.com

mgyoe.com



ရည်မှန်းချက်ဟာ အဲဒါပဲ။ တက်ပွဲတက်ရဖို့ပဲ။

ဒေစီဂျိန်းတို့တော့ လာမပြောနဲ့။ ရေကန်အသင့်၊ ကြာအသင့် ဘဝမို့လား မသိဘူး။ တက်ပွဲလည်း တက်ပွဲမို့ ဖောင်းလည်းဖောင်းမို့ ပျာယာခတ်တော့ ဖြစ်ခဲ့ပါဘူး။ တောင်ပြုန်းလာတာ ပျော်ချင်လို့ပါဆိုမှ။ နတ်ကတော်လုပ်တာ တောင်ပြုန်းလာရအောင်လို့ပါဆိုမှ။ သူများ နတ်ကတော်တွေ ဖောင်းဆိုလိုချင်ကြလွန်းလို့၊ ဟော့… ဒေစီဂျိန်းတို့က ဖောင်းပေးတာကို နှစ်နှစ်၊ သုံးနှစ် ပတ်ပြေးနေတာ။ ကိုယ်မှ လူကြီးမှ မလုပ်ချင်ဘဲ လိုချင်ပေါင်။ ကိုယ်က ဆိုလိုက်၊ ကလိုက် ဖဟုတ်က ဟုတ်ကတွေ ပြောလိုက်နဲ့ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးနေချင် တာ။ ဒီဖောင်းကို နန်းကြီးက အတင်းကို လိုက်ပေးယူရတာ။ ပြီးရော၊ ဂျိန်းစဘွန်းမကိုတော့ လက်ဖျားခါသလား မမေးနဲ့။

အမှန်မှာဆို ဒီနေ့ ညီလာခံလည်း သွားရမှာ။ ကိုယ်က ဖောင်းကိုး။ တော်ပြီ၊ မသွားပါဘူး။ ကိုယ်က ရောက်ဇရာက်ချင်း လဆန်း ခုနစ်ရက်နေ့ ရောက်ရောက်ချင်း သွားကန်တော့ပြီးပြီ။ အားရပါးရ ကန်တော့ပြီးပြီ။ ညီလာခံထဲမှာက အကြာကြီး အဝတ်အစားကြီးတွေ တင်းတင်းကျပ်ကျပ်နဲ့ ထိုင်နေရတော့ ချွေးတွေသံတွေ လူတွေနဲ့ မွန်းကျပ်ပြီး ညီလာခံ မပြီးမချင်း နေရတာ။ အဲဒါမျိုး မနေတတ်ဘူး။ အော်ဟစ်ပစ်ချင်လာတာကြာတော့။ အဲဒီတော့ ညီလာခံမတက်လို့ ဖောင်းပြန်ယူချင်လည်း ယူကြ၊ ကျုပ်ကတော့ မလာဘူးလို့။

"ဒေစီဂျိန်းရှိလား ၊ အပေါ်မှာလား"



mgyoe.com

mgyoe.com



ဟော.. ညော့်သည်က လာပြန်ပြီ။ ခုမှ မှေးမှေး မှေးမှေး ဖြစ်မလို့ရှိသေး။ ဒေစီကျိန်းက လှဲနေရာက လူးလဲထပြီး မျက်လုံးတွေကို ပွတ်လိုက်တယ်။ စင်ပေါ်က မျက်မှန်ကောက်တပ်ပြီး ရေနွေးတစ်ခွက်နဲ့ ပလုတ်ကျင်းတယ်။ ပုဆိုးကို ထဘီလို ဖိုသီဖတ်သီဝတ်ရင်း ဝရန်တာကနေ ရေနွေးတွေ သွားထွေးတယ်။

"ဒေစီကျိန်းရေ"

"ဟော.. မခင်အေး၊ လာ..လာ၊ ဘယ်တုန်းကရောက်လဲ၊ ဘယ်မလဲ ကျုပ်ဖို့ ပုစွန်ချဉ်ထုပ်"

"ပါပါတယ်တော်၊ မပြောနဲ့တော့။ မနေ့က ရောက်ဖို့ရာလေ။ ရထားလက်မှတ်ကြောင့်။ ဒီနေ့ ညီလာခံတောင် မမီဘူး။ မန္တလေးမှာ ခဏနားနေရသေးတာပေါ့။ ည ကိုးနာရီ ရထားကြီးစီးလာရတာ ပင်ပန်းလိုက်တာဆိုတာ"

"အထက်တန်း မရဘူးလား"

"ရပါတယ်။ ဒါပေမဲ့ အိပ်ခန်းမရဘူးလေ"

ရွှေဘုံသာလမ်း စိန်ရွှေသူဌေးမက ညည်းညူရင်းနဲ့ ဒေစီကျိန်းရဲ့ နတ်စင်ကို ရှိရှိသေသေ ဦးသုံးကြိမ်ချတယ်။ ပြီးတော့ ရွှေရောင်အနားကွပ်နဲ့ အညိုရောင် သားရေအိတ်ကြီးထဲက ငါးကျပ်တန် ပါကင်အုပ်တစ်အုပ်ကို ထုတ်ယူလိုက်တယ်။ ရေမွှေးနဲ့ မွှေးပျံ့နေတဲ့ ငါးကျပ်တန် အုပ်သစ်ကို ဒေစီကျိန်းဆီ လှမ်းဆက်လိုက်တယ်။ ဒေစီကျိန်းက ငါးကျပ်တန် အုပ်ကို လက်အုပ်ချီပြီး မြှောက်ရင်း မျက်လုံးအစုံကို မှိတ်တယ်။



mgyoe.com

mgyoe.com



"မှန်လှပါဘုရား၊ တနင်္ဂနွေသမီး၊ ရတနာသုံးပါး အမြတ်ဆုံးထားလို့ ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးမှန်လှပါဘုရား၊ သာသနာ နှစ်ထောင့်ငါးရာ သိကြားသာသနာ စောင့်ကြပ်တော်မူသော သာသနာတော်စောင့်နတ်၊ မဟာပထဝီမြေကြီး စောင့်ထိန်းတော်မူသော မဟာဝသုန္ဒြေ ရေနတ်မင်းအမျှုးထား၍ သူရဿတီ၊ စန္ဒီပရမီ၊ ဒေဝီခုနစ်ပါး၊ ဒေဝီကိုးပါး၊ ဒေဝီဆယ်ပါး၊ ဒေဝီ နှစ်ဆယ့်တစ်ပါး၊ ဝိဇ္ဇာရှစ်သောင်း၊ ဆရာ့ဆရာအပေါင်း၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ ပီယဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ထွက်ရပ်ပေါက်၊ ပေါက်ဆရာခြောက်ဆယ့်လေးယောက်၊ ကိုးဆယ့်ခြောက်ယောက်နှင့်တကွ၊ သုံးဆယ်ကျော် ခုနစ်မင်း၊ ထီးဆောင်းမင်း တစ်ရာ့တစ်ဆယ့်တစ်ပါးသော ဒေဝတာနတ်မင်းများနှင့် နတ်မိဖုရား အမျှုးထား၍ တနင်္ဂနွေသမီး၊ အမိဘက်ကဆိုင်သောနတ်၊ အဘဘက်က ဆိုင်သောနတ်၊ အဘိုးဘက်က ဆိုင်သောနတ်၊ အဘွားဘက်က ဆိုင်သောနတ်၊ အဘွားဘက်က ဆိုင်သောနတ်၊ အမိရိုးရာ၊ အဘရိုးရာ၊ အဘိုးရိုးရာ၊ အဘွားရိုးရာ အမျှုးထား၍ ယနေ့မှန်လှပါဘုရား။ ယနေ့ သမီးများ၊ သားများ ပန်းဖိုး၊ မုန့်ဖိုး၊ နားတောင်းဖိုး၊ ဖောင်းတော်ဖိုး အချက်ကျ ဆက်သပါဘုရား။

"ဤအချိန် ဤအခါကစလို့ ခြေတော်ရင်း ဆံခင်းလို့ ခြေတော်စုံဆံပုံပါတယ် ဘုရား။ မန္တလေး ဘိုးဘိုးကြီး၊ တောင်ပြုန်း ဘိုးဘိုးကြီး၊ ဘိုးဘိုးလေးနှင့် အိမ်တွင်း အဖေကြီး အိမ်တွင်း ခုနစ်ပါး၊ ပြုံး၍လည်း



mgyoe.com

mgyoe.com



ကန်တော့ခံတော်မူပါ၊ ရယ်၍လည်း ကန်တော့ခံတော်မူပါ။ ဤအချိန် ဤအခါမှစ၍ ရောင်းသူတစ်ယောက်၊ ဝယ်သူတစ်ထောင် အဂ်ါနံ့ စိန် အရောင်းအဝယ်များ လုပ်ပါတယ်ဘုရား။ တနင်္ဂနွေနံ့ အဲ.. မှန်လှပါ ဘုရား။ ဗုဒ္ဓဟူးနံ့ ရွှေအရောင်းအဝယ်၊ ကြာသပတေးနံ့ မြအရောင်း အဝယ်၊ သောကြာနံ့ အဲ.. သွားရာလမ်းခရီး အဆင်ချော အမောပြေလို့ ပယင်းဒတ္တ၊ ကျောက်သံပတ္တမြား၊ ဘော်တွင်း၊ ရွှေတွင်း၊ ငွေတွင်း မ,စလို့ ပိုင်ဆိုင်သလို၊ တနင်္ဂနွေသမီးကြီး မိသားစု ဥမကွဲ သိုက်မပျက်နှင့် မှန်လှကြောင်းပါဘုရား။ မတောင့်မတ မကြောင့်မကြ၊ မရှိစကား၊ မလှ စကား၊ မဝစကား နားမှလေသံမျှ မကြားရဘဲ မရှိသော ပုဂ္ဂိုလ်များလည်း ပေးနိုင်ပါရစေ၊ မဝသောပုဂ္ဂိုလ်များလည်း ကျွေးနိုင်ပါစေ၊ မလှသော သူများလည်း ဆင်နိုင်ပါရစေ။

"လောကီကမ်းခြေမှ လောကုတ္တရာကမ်းခြေသို့ မလွတ်မြောက်မီ စပ်ကြား သာသနာ့အကျိုး၊ ဘာသာ့အကျိုး၊ ဒေဝအကျိုး သယ်ပိုး ဆောင်ရွက်ဖို့ သီရိဝမ္မာ သောကမင်းကြီးတို့လို ဘုန်းသမ္ဘာနှင့် ပြည့်စုံ သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကဲ့သို့အပြင် တစ်မဂ်တစ်ဖိုလ် ရပါ ရစေ၊ ရောက်ပါရစေ၊ အောင်ပါရစေ၊ အေးပါရစေပါဘုရား"

ငါးရာတန် ဆုတောင်းရှည်က ဒေစီဂျိုန်းကို အာခြောက်စေ တယ်။ ဩော်.. ငါးရာမျက်နှာကြောင့်ချည်းလည်း မဟုတ်ပါဘူး။ စေတနာမေတ္တာလည်း ပါပါတယ်။ ဒါတွေက ကိုယ့်ဖောက်သည်တွေ၊ အဲ.. ကိုယ့်လူရင်းတွေ၊ ကိုယ့်မိတ်ဆွေတွေပဲ။



mgyoe.com